မြန်မာ့အလင်း

၁၂၈၂ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၂၃)

နိဗ္ဗာနသစ္ဆိကိရိယာစ ဧတံ မင်္ဂလ မုတ္တမံ

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထွက်ရှိရေး ခေတ်မီနည်းပညာနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲ

နိုင်ငံတော်၏ လယ်ယာ၊ သားငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာများဖြင့်ပေါင်းစပ်

အမျိုးသားအကျိုးစီးပွားအတွက် ထိုက်ထိုက်တန်တန်အကျိုးရှိရှိ သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ ကဏ္ဍအလိုက် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သတင်းနှင့် ဆောင်းပါးအညွှန်း

❒ **ချစ်ပါသော်လည်း....**

နိုင်ငံတကာမှခင်း စာ – ၆

❒ **အယ်လ်ဂျီးရီးယားနိုင်ငံ**

တိုး၏ သတင်းအက်ဆေး စာ –၇

❒ **ရောဝတီတိုင်း ငွေဆောင်ကမ်းခြေ**

ဖြိုးမောင်မောင်၏ ခရီးသွားအက်ဆေး စာ –၁၁

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်)

ဈေးကွက်ဝင် လက်ဖက်နှင့် နှစ်ရှည်သီးပင်များ ဝင်ငွေပိုမိုရရှိရေး တိုးချဲ့စိုက်ပျိုးထုတ်လုပ်

လက်ဖက်သည် မြန်မာတို့ အလှူဒါနပြုကြသောအခါတွင် ဧည့်ခံပစ္စည်းအဖြစ် အသုံးများသော စားသုံးကုန်ကြမ်းဖြစ်သည်။ လက်ဖက်ကို အချိုခြောက်၊ အကြမ်းခြောက်အဖြစ် အသုံးပြုလေ့ရှိသည်။ လက်ဖက်စိုကို သုပ်စားသည့်ဓလေ့မှာ တွင်ကျယ်လျက်ရှိသည်။

လက်ဖက်သည် ဝမ်းနှင့်လေကို ချုပ်စေတတ်ပြီး ဆီးကိုရွှင်စေသည်။ သလိပ်များသူ၊ ဝမ်းမီးညံ့သူ၊ လေပွတတ်သူတို့အတွက် များများစားသုံးပါက ဘေးဥပဒ်ဖြစ်စေတတ်သည်။ ထို့အပြင် လက်ဖက်ခြောက်ခတ်ထားသည့် ရေနွေးကြမ်းကိုသောက်သုံးခြင်းသည်လည်း ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း သိရသည်။

လက်ဖက်ကို ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးသည်။ ချင်းပြည်နယ်တစ်ခုလုံးကို လက်ဖက်စိုက်ပျိုးသော ပြည်နယ်ဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိသည်။ လက်ဖက်သည် သဘာဝအားဖြင့် အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး တောင်ကုန်းတောင်တန်းဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းသည်။ လက်ဖက်ညွန့်ကို မတ်လ၊ ဧပြီလများမှစတင်ပြီး စက်တင်ဘာလအထိ ခူးဆွတ်ကြသည်။ မြေနိမ့်ဒေသများတွင် ခုနစ်ရက်တစ်ကြိမ်နှင့် ကုန်းမြင့်ဒေသများတွင် ၁၄ ရက်တစ်ကြိမ်ကျ ခူးကြသည်။

အထွက်နှုန်းကောင်းသော လက်ဖက်မျိုးများသည် တစ်ဧက ရွက်စိမ်းပိဿာ၁၇၀၀ ထွက်ရှိပြီး အခြောက်ပိဿာ၄၅၀ ထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုသည် ဝင်ငွေကောင်းရသည့်လုပ်ငန်းဖြစ်၍ နှစ်စဉ်စိုက်ဧကများ တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ ယခုအခါ လက်ဖက်ကို ပြည်ပနိုင်ငံများသို့ပင် တင်ပို့ရောင်းချလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူများအနေဖြင့် ဈေးကွက်ဝင် လက်ဖက်နှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်နည်းစနစ်ကောင်းများကို လေ့လာစမ်းသပ်ကာ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့် ရွေးချယ်ရှာဖွေပြီး တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက် ရရှိလာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ် ၇၂နေ ဦးမြင့်ကြည်၏ (၇၁)နှစ်မြောက်မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းတစ်သောင်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၃၁–၁–၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၀၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း–၁၈)
၆း၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း–၃၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း–၂၈)

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၈ရက်က ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူး ဆောင် ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်ပွဲ အခမ်းအနားတွင် ဂုဏ်ထူးဆောင်ဘွဲ့ တံဆိပ်နှင့် ဂုဏ်ပြုလွှာများ ပေးအပ်စဉ်။

(သတင်းစဉ်)

ကျိုက္ကလော့ မိုးကုတ်ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ ဦးစီး၍ ကျင်းပအပ်သော မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဖေဖော်ဝါရီ ၁၅ရက်မှ စတင်၍ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီပုဂ္ဂိုလ်များသည် ဖေဖော်ဝါရီ၁၄ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများ ဖုန်း–၀၉–၈၀–၂၁၁၁၃၊ ၆၃၅၆၃၂တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

မွန်ပြည်နယ်စည်ပင်ညွှန်မှူး မြို့ပြနှင့်ကျေးလက်လမ်းတံတားများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၀

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်နှင့်အတူ နိုဝင်ဘာ၂၇ရက်က ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့် မြို့ပြနှင့်ကျေးလက် လမ်းတံတား ရေပေးရေးလုပ်ငန်း အခြေအနေများကို ရုံးတွင်းလုပ်ငန်းနှင့် လုပ်ငန်းခွင်များသို့ သွားရောက်စစ်ဆေးသည်။ ယင်းနောက် ကျိုက်ထိုစည်ပင်ပိုင်မြို့မဈေးသို့ရောက်ရှိရာ သန့်ရှင်းသာယာလှပရေး၊ မီးဘေးလုံခြုံရေး၊ သားငါးနှင့်ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချရေး၊ အလေးချိန်ခွင်များ မှန်ကန်မှုရှိစေရေးတို့အား စစ်ဆေးမှာကြားသည်။

ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် နိုဝင်ဘာ၂၈ရက်တွင် ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ယင်းမြို့၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့ပြနှင့်ကျေးလက်လမ်းတံတား ရေပေးရေးလုပ်ငန်းများအား ရုံးလုပ်ငန်းနှင့်လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းပြသပြီး ညွှန်ကြားရေးမှူးက ပြင်ဆင်ရန်လိုအပ်သည့်လုပ်ငန်းများကို အချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၉ ရက်တွင် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် နိုဝင်ဘာ၃၀ရက်တွင် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် မြို့ပြနှင့်ကျေးလက် လမ်းတံတား ရေပေးရေးလုပ်ငန်းများ၊ ရုံးလုပ်ငန်းနှင့် လုပ်ငန်းအသီးသီးတို့ကို ကွင်းဆင်းလှည့်လည်စစ်ဆေးသည်။ **(ပြည်နယ်စည်ပင်)**

ထူးချွန်ဆု

ဇန်နဝါရီ ၁၉ရက်က လှိုင်မြို့နယ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်အဆင့် စာစီစာကုံး ထူးချွန်ဆုရ အလက(၈) လှိုင်မှ မအိခိုင်ဇင်အား မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီက ဆုချီးမြှင့်စဉ်။

(က–ပ)

နိုင်ငံတကာ၌ဖြစ်ထွန်းနေသည့် အရည်အသွေးမြင့်မားသော နည်းပညာများ ကဏ္ဍအသီးသီး လိုက်လျောညီထွေ ထိရောက်စွာအသုံးပြုနိုင်ရေးကြိုးပမ်း

■ ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ အဖိုးတန်သယံဇာတများ ပေါများကြွယ်ဝလှသည့် နိုင်ငံတော်၌ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာအရင်းအမြစ်များ ထုနှင့်ထည်နှင့် တည်ရှိနေသော်ငြားလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်တည်တံ့ ခိုင်မြဲစွာအသုံးချနိုင်အောင် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိနေကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဆိုင်ရာဆိုင်ရာပညာရပ်များအလိုက် အရည်အသွေး မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် ပညာရှင်အဖွဲ့များ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်မှုများသည် အလွန်ပင်အရေးပါလှကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယနေ့ကမ္ဘာကြီးသည် အတတ်ပညာ၊ နည်းပညာစွမ်းပကားများဖြင့် တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် အမှီယှဉ်တွဲလိုက်ပါနိုင်အောင် ခေတ်မီနည်းပညာ၊ အတတ်ပညာများကို ထိထိမိမိရယူအသုံးချနိုင်ရန် ကဏ္ဍအသီးသီးတွင် တက်ကြွစွာစွမ်းဆောင်ကြရန် အထူးအရေးကြီးလှကြောင်း၊ ယနေ့ကာလတွင် လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည့် ဘာသာရပ်ကြီး နှစ်ခုဖြစ်သော သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာနှင့် ဇီဝနည်းပညာတို့အနက် ဇီဝနည်းပညာသည် လူသားများအတွက် အန္တရာယ်မဖြစ်စေဘဲ အကျိုးရှိစွာ သုံးစွဲနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ဤရည်မှန်းချက်ကို အစဉ်အမြဲဂရုပြုပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ဇီဝနည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းကို ဦးစွာတိုက်တွန်းလိုကြောင်း။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအခြေခံ နိုင်ငံဖြစ်ပြီး နိုင်ငံ၏ ပင်မစီးပွားရေးထုတ်ကုန်များသည်လည်း လယ်ယာစိုက်ပျိုးရေးနှင့်တကွ ယှဉ်တွဲ ချိတ်ဆက်နေသည့် သားငါး၊ သစ်တောကဏ္ဍများကို အခြေပြုနေခြင်းဖြစ်သည့် အတွက် ယင်းကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုစွမ်းအား တိုးတက် ရေးသည် ဦးစားပေး အလေးထားဆောင်ရွက်ကြရမည့် လုပ်ငန်းများဖြစ်ကြောင်း၊ ယင်းသို့ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေး ဆောင်ရွက်ရာတွင် ထုတ်လုပ်နိုင်စွမ်း တစ်ခုတည်းသာမကဘဲ သဘာဝပတ်ဝန်းကျင်မပျက်စီးရေးနှင့် လူတို့၏ကျန်းမာရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးများ၊ ပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အပေါ် မလိုလားအပ်သည့် ဆိုးကျိုးများမဖြစ်ပေါ်စေရေးကိုလည်း အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

တိုးမြှင့်လုပ်ဆောင်

စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်လာသည့် လူဦးရေအတွက် စားဝတ်နေရေး တိုးတက်ဖြည့်ဆည်းပေးနိုင်စေရအောင် စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဓာတုဗေဒ ရေးအတွက် ဇရိယာတိုးချဲ့စိုက်ပျိုးရေးအပြင် သီးနှံများ အရည်အသွေးမြင့်မားရေး၊ အထွက်နှုန်းတိုးတက်မြင့်မားရေး၊ မျိုးကောင်းမျိုးသန့်အသုံးချရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ တန်ဖိုးမြင့်ထွက်ကုန်များထုတ်လုပ်ရေး၊ ခေတ်မီနည်းပညာများ အသုံးချရေး၊ ဓာတုဓာတ်ကြွင်းကင်းသည့် သီးနှံများထုတ်လုပ်ရေး စသော ကဏ္ဍအသီးသီးကို ဟန်ချက်ညီညီ တိုးမြှင့်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ဇီဝလောင်စာဆီ ထုတ်လုပ်ရေးနှင့်စပ်လျဉ်းပြီး ခြံစည်းရိုးကြက်ဆူမှ ထုတ်လုပ်နိုင်ရန် စီမံကိန်း၊ စီမံချက်များချမှတ်ပြီး ခြံစည်းရိုးကြက်ဆူ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း၊ အနာဂတ်ကာလတွင် ရုပ်ကြွင်းရေနံများ ကုန်ခန်းလာမည့် အန္တရာယ်အပြင် ထုတ်လုပ်မှုစရိတ် တစ်နေ့တခြားများပြားလာမှု၊ ရုပ်ကြွင်းမှရရှိသည့် ဓာတ်ဆီနှင့် ဒီဇယ်လောင်စာဆီသုံး ကားများကထွက်ရှိသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကြောင့် ကမ္ဘာကြီးပူနွေးလာမှု(Global warming) ပြဿနာများကို ဖြစ်ပေါ်စေလျက်ရှိသည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးသည် ဇီဝလောင်စာ တိုးချဲ့ထုတ်လုပ်ရေးကို ကြိုးစားလာကြခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အချို့သောနိုင်ငံများသည် ဇီဝလောင်စာဆီကို လူသားတို့ စားသုံးသည့် သီးနှံများမှ စိုက်ပျိုးထုတ်လုပ်လာကြခြင်းကြောင့် စားနပ်ရိက္ခာအတွက် စိုက်ပျိုးမြေများ ကျဉ်းမြောင်းလာနိုင်သည့် အန္တရာယ်ကိုလည်း သတိပြုဆောင်ရွက်ကြရန် လိုကြောင်း။

မျိုးကောင်းမျိုးသန့်

ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထွက်ရှိရေးအတွက် ရေမြေသယံဇာတစွမ်းအားများကို အပြည့်အဝဖော်ထုတ်အသုံးချရေး၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံထွက်စွမ်းအားတိုးမြှင့်ရေး၊ စက်ယန္တရားအင်အား တိုးမြှင့်သုံးစွဲရေး၊ ခေတ်မီစိုက်ပျိုးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးတို့သည် ပိုမိုအရေးပါလာလျက်ရှိကြောင်း၊ ယခုအခါတွင် ယင်းလုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍကပါ ပါဝင်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အနာဂတ်ကာလတွင် ပိုမိုဖွံ့ဖြိုးတိုးတက် အရှိန်ရလာမည်ဟု မှန်းဆရနိုင်ကြောင်း။

သီးနှံများ အထွက်တိုးတက်မြင့်မားစေရေးအတွက် မြေယာပြုပြင်စိုက်ပျိုးမှုမှသည် ရိတ်သိမ်းချိန်အထိ ကျင့်သုံးဆောင်ရွက်ရမည့် နည်းပညာများ အရေးပါသကဲ့သို့ ထွက်ရှိလာသည့်သီးနှံများ မပျက်မစီးအောင်၊ တာရှည်ခံနိုင်အောင်နှင့် အရည်အသွေးကောင်းမွန်စေရအောင် ရိတ်သိမ်းချိန်လွန်နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်အသုံးပြုဆောင်ရွက်နိုင်ရန်လည်း လိုကြောင်း။

အလေးထားဆောင်ရွက်

သစ်တောကဏ္ဍတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေမြေရာသီဥတု သဘာဝမျှတရေးအတွက် သစ်သယံဇာတများ စနစ်တကျအကျိုးရှိစွာ ထုတ်လုပ်ရေး၊ သစ်တောထိန်းသိမ်းရေး၊ ပြန်လည်ပြုစုပျိုးထောင်ရေး၊ ရက္ခနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ဂေဟစနစ် တည်တံ့ရေးတို့သည် အရေးကြီးလှကြောင်း၊ ယနေ့နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်မြဲပြီး အရှည်သဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေခြင်းသည် အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းအတွက် အမွေအနှစ်တစ်ခုအဖြစ် လွှဲအပ်နိုင်ရန်သာမကဘဲ ကမ္ဘာ့ပတ်ဝန်းကျင်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထာဝစဉ်

ပေးအပ်ချီးမြှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် အမျိုးသားစာပေဆု (အသုံးချသိပ္ပံဘာသာရပ်)တွင် "သစ်သားဆိုင်ရာနည်းပညာ" ခေါင်းစဉ်ဖြင့် ဆုချီးမြှင့်ခြင်းခံရသော မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဖွဲ့ဝင် သစ်တောတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်(၁)အား ဂုဏ်ပြုမှတ်တမ်း ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တည်မြဲဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များ တည်ငြိမ်ရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန်လိုမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ဒီရေတောများသည် လူသားများသာမက ရေသတ္တဝါ၊ ကုန်းသတ္တဝါ၊ တိရစ္ဆာန်များပါ မှီတင်းနေထိုင်လျက်ရှိသည့်အတွက် ဒီရေတောများ ပျက်စီးပြောင်းလဲမသွားအောင် ထိန်းသိမ်းဆောင်ရွက်နိုင်ပါမှ ပြည်သူများအတွက်သာမက ရေသတ္တဝါ၊ ကုန်းသတ္တဝါအများစု ဒုက္ခရောက် ပျက်သုဉ်းနိုင်မည့် အန္တရာယ်က ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာကြီးပို၍ပူနွေးလာခြင်းကိုဖြစ်စေသည့် ကာဗွန်ဓာတ်များကို သစ်တော၊ သစ်ပင်များက စုပ်ယူထားနိုင်သကဲ့သို့ ဒီရေတောများကလည်း စုပ်ယူထားနိုင်သည့်အတွက် ဒီရေတောများပျက်သုဉ်းခြင်းမှ ကာကွယ်ပေးရေးသည် များစွာအရေးကြီးလှကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျွန်းမျိုးရိုးဗီဇများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသား ဇီဝလုံခြုံမှု မူဘောင်ရေးဆွဲရေး စီမံကိန်း၊ သုတေသနဆောင်ရွက်ခြင်း ပြကွက်များ၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် စာတမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

31-1 (03) 1 1/31/08, 2:58 AM

တရုတ်နိုင်ငံ၌ နှင်းမုန်တိုင်းကျမှု လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့

ပေကျင်း ဇန်နဝါရီ ၃၀

တရုတ်နိုင်ငံတစ်ဝန်း၌ ဆယ်စုနှစ်များအတွင်း အကြီးကျယ်ဆုံး နှင်းမုန်တိုင်းကျမှုကြောင့် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိကြောင်း နိုင်ငံပိုင် မီဒီယာများက ဖော်ပြသည်။

သောင်တင်

ကားလမ်းနှင့် ရထားလမ်း ဆက်သွယ်မှုများ ပြတ်တောက်ကုန်သဖြင့် ခရီးသွားများ အခက်တွေ့ရသည်။ တရုတ်ပြည် တောင်ပိုင်း ကွမ်ကျိုးမြို့တော်တွင် ရထားမထွက်နိုင်သဖြင့် ခရီးသည် ၅၀၀၀၀၀ ခန့် သောင်တင်နေသည်။ တာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်ပေးနေရသည်ဟုဆိုသည်။

ခံစားနေကြရ

ဇန်နဝါရီ ၁၀ရက်က စတင်တိုက်ခတ်သည့် နှင်းမုန်တိုင်းကြောင့် ပြည်နယ်၁၄ခုတွင် ပြည်သူသန်း ၈၀ ခန့်တို့ နှင်းမုန်တိုင်းဒဏ် ခံစားနေကြရသည်။

စေလွှတ်

ယင်းဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထောင်ပေါင်းများစွာသော တရုတ်စစ်သည်များကို စေလွှတ်နေရလျက်ရှိသည်။

(အင်တာနက်)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ဒါရီမြို့၌ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းသဖြင့် အဆောက်အအုံတစ်ခု ပြိုကျသွားသည်ကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နှင့်ဂျာမနီဖက်စပ် ဘီအမ်ဒဗလျူကားများ ရောင်းအားမြင့်တက်ခဲ့

ပေကျင်း ဇန်နဝါရီ ၃၀

တရုတ်နှင့်ဂျာမနီ ဖက်စပ် ထုတ်လုပ်သော ဘီအမ်ဒဗလျူကားများ၏ ရောင်းအားသည် ၂၀၀၇ခုနှစ်အတွင်း ၃၆ ရာခိုင်နှုန်းကျော် ရောင်းချခဲ့ရကြောင်း ယင်း ကားထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။

ဘီအမ်ဒဗလျူသရီးစီးရီးနှင့် ဖိုက်စီးရီးကားများ ရောင်းချရမှုသည် ၂၀၀၇ ခုနှစ် အစောပိုင်းတွင် စီးရေ ၂၂၅၀၀ ရောင်းချခဲ့ရာမှ တရုတ်ပြည်မကြီးတွင် စီးရေ ၃၀၆၀၀ ရောင်းချခဲ့ရသည်ဟု ဆိုသည်။

ဘီအမ်ဒဗလျူဘရီလိုင်းရင့်ကုမ္ပဏီကို ၂၀၀၃ခုနှစ်က ဘီအမ်ဒဗလျူနှင့် ဘရီလိုင်းရင့် ချိုင်းနားအော်တိုမိုးတစ်ဟိုးလ်ဒင်း လီမိတက်တို့က ဖက်စပ်တည်ထောင်ထုတ်လုပ်ခဲ့သည်။

အဆိုပါ ဖက်စပ်ကားများကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ရှန်ရန်းမြို့၌ ထုတ်လုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရေနံတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းခွင်

အီရတ်နိုင်ငံ ကူရှာဒစ်စတန်ဒေသရှိ ရေနံတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းခွင်အား ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်နိုင်ငံထွက် ပို့ကုန်ပစ္စည်းများ အာဆီယံနိုင်ငံများသို့ တိုးမြှင့်တင်ပို့မည်

ဟနွိုင်း ဇန်နဝါရီ ၃၀

ဗီယက်နမ်နိုင်ငံသည် ၂၀၀၈ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အခြားအဖွဲ့ဝင်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ကိုးဘီလီယံဖိုးရှိ ကုန်ပစ္စည်းများတင်ပို့ရောင်းချမည်ဖြစ်ရာ ဆန်၊ ရေနံစိမ်း၊ ပင်လယ်အစားအစာနှင့် အီလက်ထရွန်နစ်ပစ္စည်းများပါဝင်ကြောင်း၊ ယင်းတင်ပို့သည့် ပမာဏမှာ ၂၀၀၇ခုနှစ်ကထက် ၁၅ဒသမ၄ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ကြောင်း ဒေသထုတ်သတင်းစာ ဆေးဂုံလစ်ဘရေးရှင်းက ဇန်နဝါရီ ၂၈ရက်တွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် အာဆီယံနိုင်ငံများသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့ရောင်းချခြင်းဖြင့် အမေရိကန်ဒေါ်လာ ၃၂သန်းရရှိရန် ခန့်မှန်းထားကြောင်း၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြောကြားချက်ကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။

ပြောကြား

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့ရာမှ အမေရိကန်ဒေါ်လာလေးဘီလီယံ၊ ဂျပန်သို့တင်ပို့ရောင်းချရာမှ အမေရိကန်ဒေါ်လာ ၆ဒသမ၅ဘီလီယံ၊ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ရောင်းချရာမှ ၁၃ဘီလီယံကျော်၊ ဥရောပသမဂ္ဂသို့ တင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ၄ဘီလီယံကျော် ရရှိလိမ့်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ပို့ကုန်များတင်ပို့

ယင်းနိုင်ငံသည် ၂၀၀၈ ခုနှစ်တွင် စုစုပေါင်း ပို့ကုန်များတင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၆၊ ၅၈ ဒသမ ၆ ဘီလီယံအထိ ရရှိရန်မျှော်မှန်းထားသည်။ ၎င်းပမာဏမှာ ၂၀၀၇ ခုနှစ်က အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၄ ဘီလီယံနီးပါးရရှိရာမှ မြင့်တက်လာမည့် အနေအထားဖြစ်သည်။ ၂၀၀၆ ခုနှစ်က စုစုပေါင်း ပို့ကုန်များတင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆ ဘီလီယံရရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သီရိလင်္ကာတပ်နှင့်ကျားသူပုန်များ တိုက်ပွဲဖြစ်ပွား သေဆုံးသူပေါင်း ၉၄ဦးအထိရှိခဲ့

ကိုလံဘို ဇန်နဝါရီ ၃၀

သီရိလင်္ကာအစိုးရတပ်များနှင့် တမီးလ်ကျားသူပုန်တို့ လွန်ခဲ့သောသုံးရက်က တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် သေဆုံးသူ အရေအတွက်မှာ ၉၄ဦးအထိ ရှိလာကြောင်း သီရိလင်္ကာစစ်ဘက်က ပြောကြားသည်။

တိုက်ပွဲအပြီး

အဆိုပါ သေဆုံးသည့်အရေအတွက်မှာ ဇန်နဝါရီ ၂၇ရက်က ဖြစ်ပွားသော တိုက်ပွဲအပြီး သူပုန် ၇၉ဦးရှိရာမှ တိုးလာခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းတိုက်ပွဲများသည် ဗာပူနီယာနှင့် မန်နာအနောက်မြောက်ပိုင်းရှိ ဂျက်ဖ်ဖီနာကျွန်းဆွယ်ပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းတိုက်ပွဲများအတွင်း ကျားသူပုန် ၇၅ဦးသေဆုံးပြီး အစိုးရစစ်သားလေးဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာစစ်ဘက်က ပြောကြားသည်။

ငြင်းဆိုထား

မန်နာ၌ ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် အစိုးရတပ်ဖွဲ့ဝင် ၁၅ဦးသေဆုံးကြောင်း ကျားသူပုန်များက ပြောကြားသည်ကို စစ်ဘက်က ငြင်းဆိုထားသည်။

အမ်အင်န်အေ၊ရိုက်တာ

နွေရာသီ ဖက်ရှင်ပြပွဲ

အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပသည့် နွေရာသီဖက်ရှင်ပြပွဲ၌ ပါဝင်ပြသနေသူ အလှမယ်တစ်ဦးကို ဇန်နဝါရီ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ တရုတ်နှင့်အိန္ဒိယ ခရီးသည်များရောက်ရှိမှု စံချိန်တင်မြင့်တက်

စင်ကာပူ ဇန်နဝါရီ ၃၀

စင်ကာပူနိုင်ငံရှိ ချန်ဂီလေဆိပ်ကြီးသည် ၂၀၀၇ခုနှစ်က ခရီးသည်စံချိန်တင် ဝင်ထွက်သွားလာခဲ့ကြောင်း၊ ယင်းကဲ့သို့ ခရီးသည်ရောက်ရှိမှု မြင့်တက်လာခြင်းမှာ တရုတ်နှင့်အိန္ဒိယတို့မှ ခရီးသည်များ လာရောက်မှု များပြားခဲ့ခြင်းဖြစ်ကြောင်း စင်ကာပူပြည်တွင်း လေကြောင်းအာဏာပိုင်အဖွဲ့က ဇန်နဝါရီ ၂၈ရက်၌ ပြောကြားသည်။

တိုးတက်လာခဲ့

စင်ကာပူနိုင်ငံသို့ တရုတ်ခရီးသည်များ ရောက်ရှိမှုမှာ ၁၂ဒသမ ၆ရာခိုင်နှုန်း မြင့်တက်လာခဲ့သလို အိန္ဒိယခရီးသည်များလည်း ၁၅ဒသမ၆ရာခိုင်နှုန်း ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဆက်သွယ်ပြေးဆွဲ

၂၀၀၈ခုနှစ် ဇန်နဝါရီ၁ရက်အထိ ချန်ဂီလေဆိပ်တွင် လေကြောင်းလိုင်း ၈၁ခုနှင့် ဆက်သွယ်ပြေးဆွဲလျက်ရှိသည်။ အပတ်စဉ်လေယာဉ် ခရီးစဉ်ပေါင်း ၄၃၁၀ ပျံသန်းပြေးဆွဲနိုင်ရန် စီစဉ်ထားသည်။ နိုင်ငံပေါင်း ၆၀ရှိ မြို့ကြီး၁၉၀နှင့် လေကြောင်းပျံသန်းမှုပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဖလော်ရီဒါပြည်နယ် အကြိုရွေးကောက်ပွဲ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းအနိုင်ရ

မီယာမီ ဇန်နဝါရီ ၃၀

ရီပတ်ဘလီကင် သမ္မတလောင်းရွေးချယ်ပေးရေးအတွက် ဖလော်ရီဒါပြည်နယ်၌ ဇန်နဝါရီ ၂၉ရက်တွင် အကြိုရွေးကောက်ပွဲ ပြုလုပ်လျက်ရှိသည်။

ဖလော်ရီဒါအကြိုရွေးကောက်ပွဲ၌ မဲထည့်သူများနှင့် တွေ့ဆုံမေးမြန်းခန့်မှန်းသော မဲအခြေအနေအရ ဂျွန်မက်ကိန်းနှင့် မစ်ရွှန်နေးတို့ မတိမ်းမယိမ်း ရှေ့ကပြေးနေပြီး မိုက်ဟတ်ကာဘီးနှင့် ရူဒီဂူလီယာနီတို့ နှစ်ဦးမှာမူ နောက်မြီးဆွဲလိုက်နေသည်ဟုဆိုသည်။

အကြီးဆုံး

ဖလော်ရီဒါပြည်နယ် အကြို ရွေးကောက်ပွဲအောင်နိုင်သူ ရီပတ်ဘလီကင်ကိုယ်စားလှယ်လောင်းအတွက် ပြည်နယ် ၂၄ခု၌ မကြာမီ တစ်ပြိုင်နက်ကျင်းပမည့် အကြိုရွေးကောက်ပွဲတွင်ပါ အောင်နိုင်မှု အရှိန်အဟုန် ရရှိသွားနိုင်သည်ဟု ဆိုသည်။ ဖလော်ရီဒါပြည်နယ်မှာ စတုတ္ထအကြီးဆုံး ပြည်နယ်ဖြစ်သည်။

ပုတ်ခတ်ဝေဖန်

ရီပတ်ဘလီကင် သမ္မတလောင်းများအနက် ရှေ့မှရောက်နေကြသူ ဂျွန်မက်ကိန်းနှင့် ရွှန်နေးတို့ နှစ်ဦးသည် ဇန်နဝါရီ ၂၈ရက်က တစ်ဦးကိုတစ်ဦး အပြန်အလှန် ပုတ်ခတ်ဝေဖန်ကြသည်။

အသီးသီးရရှိ

ဦးတည်ချက် အတိအကျမရှိသော လစ်ဘရယ် ဒီမိုကရေစီ လမ်းစဉ်ကို ကျင့်သုံးမည့် သမ္မတတစ်ဦး အလိုရှိလျှင်တော့ မစ္စတာမက်ကိန်းကိုသာ မဲပေးကြပါဟု မစ္စတာရွှန်နေးက မဲဆွယ်စည်းရုံးရာတွင်ပြောကြားသည်။ ဖလော်ရီဒါပြည်နယ် အကြိုရွေးကောက်ပွဲတွင် အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ၃၆ရာခိုင်နှုန်း၊

ဂျွန်မက်ကိန်း

မစ်ရွှန်နေးက ၃၁ရာခိုင်နှုန်း၊ ရူဒီဂူလီယာနီက ၁၅ ရာခိုင်နှုန်းနှင့် မိုက်ဟတ်ကာဘီးက ၁၄ ရာခိုင်နှုန်း ထောက်ခံမဲ အသီးသီးရရှိသည်။ **(အင်တာနက်)**

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားနေသည်ကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကင်ညာအတိုက်အခံအမတ် ပစ်သတ်ခံရ

နိုင်ရိုဘီ ဇန်နဝါရီ ၃၀

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်၌ အတိုက်အခံအမတ်တစ်ဦး ပစ်သတ်ခံရကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ အသတ်ခံရသူ အမတ် မူဂါဘီဝေရေမှာ သမ္မတရွေးကောက်ပွဲ၌ ရှုံးနိမ့်သည့် အတိုက်အခံ ခေါင်းဆောင်အိုဒင်ဂါ၏ လိမ္မော်ရောင် ဒီမိုကရက်တစ် လှုပ်ရှားမှုအဖွဲ့ (အိုဒီအမ်)ပါတီဝင် တစ်ဦးဖြစ်သည်။

အနိုင်ရရှိ

သူသည် ဒီဇင်ဘာရွေးကောက်ပွဲ၌ နိုင်ရိုဘီမြို့တော် အမ်ဘာကာဆိုင်ခရိုင်မှ ဝင်ရောက်ယှဉ်ပြိုင်ပြီး ရွေးကောက်ပွဲ အနိုင်ရရှိသူဖြစ်သည်။

ပစ်သတ်

နိုင်ရိုဘီမြို့တော်ရှိ ၎င်း၏နေအိမ်သို့ ထိုနေ့ညသန်းခေါင်အချိန် မော်တော်ကားဖြင့်ပြန်လာစဉ် ခြံပေါက်ဝ၌ သေနတ်သမားနှစ်ဦးက ၎င်းအားပစ်သတ်လိုက်ကြခြင်းဖြစ်သည်။

ပထမဆုံး

ဒီဇင်ဘာ ရွေးကောက်ပွဲရလဒ် အငြင်းပွားမှုကြောင့် အကြမ်းဖက်သတ်ဖြတ်မှုများ ဖြစ်ပွားရာတွင် မစ္စတာဝေရေမှာ ပထမဆုံးအသတ်ခံရသည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်။

(အင်တာနက်)

လုံခြုံရေးကောင်စီ အရေးယူမှုထပ်မံပြုလုပ်လျှင် အီရန်နိုင်ငံက လက်တုံ့ပြန်သွားမည်ဟုဆို

တီဟီရန် ဇန်နဝါရီ ၃၀

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံအား အရေးယူပိတ်ဆို့မှုများ ထပ်မံတိုးမြှင့်ပြုလုပ်လာလျှင် အီရန်နိုင်ငံအနေဖြင့် လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ဇန်နဝါရီ ၂၈ရက်တွင် ပြောကြားသည်။

ဖြေကြား

မိမိတို့အနေဖြင့် အရေးယူပိတ်ဆို့မှု ထပ်မံပြုလုပ်မည်မဟုတ်ဟု ယုံကြည်ထားကြောင်း မော့တာကီက ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အီရန်နိုင်ငံအား အရေးယူပိတ်ဆို့မှုအသစ် ပြုလုပ်မည် မလုပ်မည် ဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ မေးမြန်းခဲ့သည်ကို ဖြေကြားလိုက်ခြင်းဖြစ်သည်။

တိုက်တွန်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အယ်လ်ဘာဒါဒီက ဖေဖော်ဝါရီလတွင် အုပ်ချုပ်ရေးဘုတ်အဖွဲ့သို့ အီရန်နိုင်ငံ၏ နျူကလီးယားကိစ္စနှင့်ပတ်သက်ပြီး တင်ပြသည့် အစီရင်ခံစာကို စောင့်ဆိုင်းသင့်ကြောင်း အီရန် ထိပ်တန်းသံတမန်က တိုက်တွန်းလိုက်သည်။

လုံခြုံရေးကောင်စီသည် ဖေဖော်ဝါရီလတွင် ထုတ်ပြန်မည့် အိုင်အေအီးအေ၏ အစီရင်ခံစာကို စောင့်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မှတ်ချက်ပြု

လုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် အီရန်နိုင်ငံအား အရေးယူ ပိတ်ဆို့မှု အသစ်ထပ်မံပြုလုပ်ရန် ဇန်နဝါရီ ၂၈ ရက်က ဆွေးနွေးခဲ့သည်ကို အကြောင်းပြု၍မော့တာကီက အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားခဲ့သည်။

အီရန်နှင့် အနောက်နိုင်ငံအုပ်စုတို့သည် လွန်ခဲ့သော ခြောက်နှစ်က အီရန်နိုင်ငံရှိ နျူကလီးယား လက်နက်ထုတ်လုပ်ရေးအစီအစဉ် သံသယဖြစ်မှုကြောင့် သံတမန် အဆက်အသွယ် ဖြတ်တောက်ခဲ့သည်။

ယခုအထိ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံအား ယင်းကိစ္စနှင့် ပတ်သက်ပြီး အရေးယူမှုများ နှစ်ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင်တစ်ကြိမ်၊ ၂၀၀၇ ခုနှစ် မတ်လတွင်တစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အီရန်နိုင်ငံက ယူရေနီယံ ဆန့်ကျင်မှုကိုရပ်ဆိုင်းပြီး နျူကလီးယား လက်နက်အစီအစဉ်ကို လက်လျှော့ပေးရန် လုံခြုံရေးကောင်စီက တောင်းဆိုထားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၌ ကြက်ငှက်တုပ်ကွေး ပျံ့နှံ့

နယူးဒေလီ ဇန်နဝါရီ ၃၀

အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂယ်လ်ခရိုင် ၁၉ ခုရှိရာတွင် ၁၃ ခုမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း၊ ယင်းဒေသရှိ ပါဂါနတ်စ် တောင်ပိုင်းနှင့် မစ်နာပိုး အနောက်ပိုင်းတို့တွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့လျက်တွေ့ရှိရကြောင်း(အောက်ပုံ) **သိရသည်။**

သုတ်သင်ရှင်းလင်း

အဆိုပါခရိုင်နှစ်ခုအတွင်း၌ ကြက်ငှက်တုပ်ကွေးရောဂါပိုးများ ပျံ့နှံ့နေကြောင်း၊ ဇန်နဝါရီ ၂၈ရက်တွင် သုတ်သင်ရှင်းလင်းမှုများ ပြုလုပ်နေကြောင်း ခရိုင်နှစ်ခုမှ ဒေသအာဏာပိုင်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မစ္စတာဆမတ်အား ဝန်ကြီးချုပ်အဖြစ် ထိုင်းဘုရင်မင်းမြတ် အတည်ပြု

ဗန်ကောက် ဇန်နဝါရီ ၃၀

ထိုင်းနိုင်ငံပြည်သူ့အင်အားပါတီ (ပီပီပီ)ခေါင်းဆောင် ဆမတ်ဆန်ဒါရာဗက်အား ထိုင်းနိုင်ငံ၏ ၂၅ ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ထိုင်းဘုရင်မင်းမြတ်က အတည်ပြုပေးလိုက်ပြီဖြစ်ကြောင်း ပီပီပီပါတီပြောရေးဆိုခွင့်ရှိသူ ကူဒက်ဆိုင်ကရာချန်က အင်္ဂါနေ့၌ ပြောဆိုသည်။

အတည်ပြုပေး

ထိုင်းအစိုးရသစ်ကိုဦးဆောင်ရန် ထိုင်းအောက်လွှတ်တော်က ထောက်ခံမဲ ၃၁၀၊ ကန့်ကွက်မဲ ၁၆၃မဲဖြင့် အတည်ပြုဆုံးဖြတ်ပြီးနောက် ဗန်ကောက် အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာဆမတ်အား ဝန်ကြီးချုပ်သစ်အဖြစ် ထိုင်းဘုရင်က အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်း ရုရှားအောင်မြင်စွာလွှတ်တင်

မော်စကို ဇန်နဝါရီ ၃၀

ရုရှားနိုင်ငံက ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးပါသည့် ဒုံးပျံတစ်စင်းကို ဇန်နဝါရီ ၂၈ရက် နံနက်ပိုင်းတွင် လွှတ်တင်လိုက်ကြောင်း ဒေသဆိုင်ရာ မီဒီယာက ဖော်ပြသည်။

ပြောကြား

အဆိုပါဒုံးပျံကို ဘိုင်ကိုနာအာကာသစခန်းက အာရှစံတော်ချိန် နံနက် ၃နာရီ၁၈မိနစ်တွင် အိတ်စ်ပရက်စ်အေအမ်–၃၃ အမည်ရှိ ဂြိုဟ်တုအား တင်ဆောင်လျက် လွှတ်တင်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစားထိုးလဲလှယ်

အဆိုပါဂြိုဟ်တု၏သက်တမ်းမှာ၁၂နှစ်ဖြစ်သည်။ ၎င်းဂြိုဟ်တုကို ၂၀၀၆ခုနှစ်က မတော်တဆမှုကြောင့် လုပ်ငန်းမလုပ်နိုင်တော့သည့် အိတ်စ်ပရက်စ်အေအမ်–၁၁ နေရာတွင် အစားထိုးလဲလှယ်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား ကြက်ကောင်ရေ သုံးသိန်းကျော်နှင့်ကြက်ဥထောင်ပေါင်းများစွာ ဖျက်ဆီး

ဘင်္ဂလားဒေ့ရှ် ဇန်နဝါရီ ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဘိုလာခရိုင်တွင် ဇန်နဝါရီ၂၇ရက်က ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကြက်ကောင်ရေ သုံးသိန်းကျော်ကို သတ်ဖြတ်ခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဓာတ်ခွဲစစ်ဆေး

ဘိုလာခရိုင်၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟု သံသယရှိသည့် ကြက်များကို ကျန်းမာရေးဝန်ထမ်းများက ဓာတ်ခွဲစစ်ဆေးခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ရသည်ဟု ဘိုလာခရိုင်မှ ကျန်းမာရေး အရာရှိများက ပြောကြားသည်။

ပြောကြား

ထို့ကြောင့် ဘိုလာခရိုင်အတွင်းရှိ ကြက်မွေးမြူရေးခြံ သုံးခြံရှိကြက်များအားလုံးကို ကြက်ငှက်တုပ်ကွေးပျံ့နှံ့မှု မဖြစ်ပွားအောင် သတ်ဖြတ်ခဲ့ရသည်ဟု ဘိုလာခရိုင် ကြက်ငှက်တုပ်ကွေးရောဂါတားဆီးရေးအဖွဲ့မှ အရာရှိများက ပြောကြားသည်။

သတ်ဖြတ်ပစ်ခဲ့ရ

ဘိုလာခရိုင်တွင် ၂၀၀၇ခုနှစ် အစောပိုင်းကာလကလည်း ဆာဗာမြို့အနီး ကြက်မွေးမြူရေး ခြံတစ်ခြံ၌ ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုကြောင့် အဆိုပါကြက်ခြံမှ ကြက်များကို သတ်ဖြတ်ပစ်ခဲ့ရသည်။ ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘိုလာခရိုင်တွင် ကြက်ဥထောင်ပေါင်း များစွာကိုလည်း ဖျက်ဆီးခဲ့ရသည်ဟု အဆိုပါ အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ငါးမန်းကိုက်ခံရသော တံငါသည် အန္တရာယ်မှ လွတ်မြောက်ရန် ငါးမန်းခေါင်းကို ဖြတ်ခဲ့ရဟုဆို

ဆစ်ဒနီ ဇန်နဝါရီ ၃၀

ဩစတြေးလျနိုင်ငံမှ တံငါသည် တစ်ဦးသည် ဇန်နဝါရီ၂၇ရက်က ငါးမန်း အကိုက်ခံရစဉ် ငါးမန်းပါးစပ်မှ ခြေထောက်လွတ်မြောက်စေရန် အတူလိုက်ပါလာသူတစ်ဦးက ငါးမန်းခေါင်းကို ဓားဖြင့်ခုတ်ချလိုက်ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ခြေထောက်ကိုဖမ်းကိုက်ထား

အဆိုပါ တံငါသည်နှင့် သူငယ်ချင်းတို့သည် ငါးများရန် စက်လှေဖြင့် ထွက်ခွာလာခဲ့ရာ ဩစတြေးလျအရှေ့မြောက်ပိုင်း ကမ်းခြေမှ ရေမိုင် ၁၃၀ အကွာအရောက်တွင် ၎င်းတံငါသည်၏ခြေထောက်မှာ ငါးမန်း၏ အမြီးနှင့်ထိခတ်မိစဉ် ငါးမန်းက ခြေထောက်ကို ဖမ်းကိုက်ထားသည်ဟု ဆိုသည်။

၎င်းတံငါသည်သည် လှေတစ်စင်းပေါ်မှ ငါးမျှားခဲ့ရာ ငါးမန်းတစ်ကောင် ဖမ်းမိကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ဘရိုင်ရပ်ဆဲလ်က ပြောကြားသည်။

အမြီးကိုတက်နင်းမိ

ဖမ်းဆီးရမိသောငါးမန်းမှာ အလျားသုံးမီတာရှည်ပြီး အလေးချိန် ကီလိုဂရမ်၉၀ရှိသည်ဟု ဆိုသည်။ ၎င်းငါးမန်းကို စက်လှေပေါ်တင်လာရာ တံငါသည်က ငါးမန်း၏ အမြီးကို တက်နင်းမိသည်ဟု ဆိုသည်။

ငါးမန်းသည် တံငါသည်၏ ခြေထောက်ကို မလွှတ်တော့ဘဲ အမိအရ ကိုက်ထားသည်။ ငါးမန်း၏ပါးစပ်မှ မလွတ်နိုင်တော့သဖြင့် ငါးမန်း၏ ခေါင်းကို ဖြတ်ချလိုက်ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ



ပြင်သစ်နိုင်ငံ ဂီယာနာဒေသရှိ ဥရောပအာကာသယာဉ် လွှတ်တင်ရေးစခန်း၌ ကမ္ဘာ့ပတ်လမ်းကြောင်းသို့ ပထမဆုံးလွှတ်တင်မည့် အလိုအလျောက် ရွှေ့ပြောင်းနိုင်သော စက်ရုပ်သုံးအာကာသယာဉ်အား ပြုပြင်နေသည်ကို **ဇန်နဝါရီ ၃၀ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

ပင်လယ်ဆိပ်ကမ်းမြို့များ ယခုနှစ်အတွင်း ဗီယက်နမ်၌ တည်ဆောက်မည်

ဟန္နိုင်း ဇန်နဝါရီ ၃၀

ဗီယက်နမ်နိုင်ငံ နိုင်ငံပိုင်သင်္ဘောလုပ်ငန်း ဗင်နားလိုင်းမှ ၂၀၀၈ ခုနှစ်မှစတင်ကာ ပင်လယ်ဆိပ်ကမ်းမြို့ ကိုးခု တည်ဆောက်သွားမည် ဖြစ်ကြောင်း ဇန်နဝါရီ၂၈ရက်က လူငယ်သတင်းစာ၌ ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံမည်

၎င်းနိုင်ငံ ကန်ဟွာပြည်နယ်ဗင်ပေါင်မြို့၌ ပထမဦးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ကို နိုင်ငံတွင်း ကော်ပိုရေးရှင်းများနှင့်ပူးပေါင်းတည်ဆောက်မည် ဖြစ်သည်။ ယင်းဆိပ်ကမ်းမြို့ကို အမေရိကန်ဒေါ်လာ လေးဘီလီယံ အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။

ကုန်တင်သင်္ဘောမှ ကွန်တင်နာ ၉၀၀၀ ခန့်လက်ခံနိုင်သည့် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ကုန်ကျခံတည်ဆောက်

ဗင်နာရေကြောင်းလိုင်းမှ ဟိုင်ပေါင်မြို့ မြောက်ပိုင်း၌ ဟိုင်ပေါင် အပြည်ပြည်ဆိုင်ရာ သင်္ဘောဆိပ်ကမ်းကို အမေရိကန် ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံခန့် ကုန်ကျခံတည်ဆောက်လျက် ရှိသည်။

အပြီးတည်ဆောက်မည်

ယင်း ဟိုင်ပေါင် ဆိပ်ကမ်းမြို့၌ နှစ်စဉ်ကုန် ပစ္စည်းတန်ချိန် သန်း၁၀၀ ခန့်ကို ထိန်းချုပ်ထားရှိကြောင်း၊ ၎င်းဆိပ်ကမ်းမြို့ကို ယခုနှစ် မေလတွင် စတင်ဖွင့်လှစ်မည် ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အရောက်တွင် ဆိပ်ကမ်းမြို့အားလုံး အပြီးတည်ဆောက်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ

အသက်အန္တရာယ်ရှိသောနေရာအနီး ကလေးရှိခဲ့လျှင်....

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ဇန်နဝါရီ၂၉ရက်က နေအိမ်၌ကလေးငယ်ရေနစ် သေဆုံးခဲ့သည့် ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်ဖြစ်ပွားခဲ့သည်။

ရေနစ်သေဆုံး

အခင်းဖြစ်ပွားမှုမှာ အသက် ၄၀အရွယ် မက်ဖွန်ဒေ့စ်အမည်ရှိ အမျိုးသမီးတစ်ဦးသည် သူမ၏ကလေး တစ်နှစ်အရွယ်သားငယ်ကို ရေအပြည့်ထည့်ထားသော ရေဇလုံကြီးတစ်ခုအနီးတွင် ထားကာ အိမ်မှုကိစ္စများဆောင်ရွက်နေခဲ့သည်။ အချိန်အတန်ကြာ၌ ကလေးငယ်အား သွားရောက်ကြည့်ရှုသည့်အခါ ရေဇလုံအတွင်း၌ ကလေးငယ်ရေနစ်သေဆုံးနေသည်ကို ထိတ်လန့်ကြေကွဲဖွယ် တွေ့ရှိခဲ့ရသည်။

အသက်အန္တရာယ်ရှိ

မက်ဖွန်ဒေ့စ်၏သားငယ် အသက် ဆုံးခဲ့ရသည်မှာ အသက်အန္တရာယ်ရှိသော နေရာများအနီး၌ ကလေးငယ်ကို ထားရှိခဲ့ခြင်းဖြစ်ရာ သတိပြုသင်ခန်းစာယူစရာပင်....။

အစားအသောက် မဆင်ခြင်ခဲ့ပါလျှင်....

တရုတ်နိုင်ငံ နန်နင်းမြို့အရှေ့ဘက် မိုင်၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဇန်နဝါရီ ၂၈ရက်က အစာအဆိပ်သင့်မှုကြောင့် လူငယ်တစ်ဦး သေဆုံးပြီး နှစ်ဦးဆေးရုံသို့တင်ပို့ခဲ့ရကြောင်း နန်နင်းမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အစာအဆိပ်သင့်

အဆိုပါကျေးရွာ၌ လူငယ်သုံးဦးတို့က မြေကြွက်သားများနှင့်မှိုများကို ရောနှောချက်ပြုတ် စားသောက်ခဲ့ကြပြီး နာရီပိုင်းအကြာ မူးဝေပျို့အန်ခဲ့ကြသဖြင့် ဆေးရုံသို့တင်ပို့ရန်ကြိုးစားစဉ် အသက် ၁၇နှစ်အရွယ် လူငယ်တစ်ဦးမှာ သေဆုံးသွားခဲ့သည်။ ထို့ကြောင့် အစာအဆိပ်သင့်စေမည့် အစားအစာများကို ရောနှောစားသုံးပါက အသက်အန္တရာယ်ရှိနိုင်ကြောင်း သတိပြုဆင်ခြင်ဖွယ်ရာပင်....။ (အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ချစ်ပါသော်လည်း ....

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဟင့်ပ်စတက်မြို့ကလေးသည် အမေရိကန်နိုင်ငံပိုင် ဘိုလီဗာ့ဒ် ကျွန်းဆွယ်ပေါ်တွင်တည်ရှိသောမြို့ကလေးဖြစ်သည်။ ယင်းမြို့ကလေးသည် ကျွန်းဆွယ်ပေါ်တွင် ရှိသောကြောင့် ပင်လယ်ရှုခင်းများဖြင့် သာယာလှပသည်။ အေးချမ်းသော မြို့ကလေးဖြစ်သည်။

ဆက်ဆံရေးပြေပြစ်

ဟင့်ပ်စတက်မြို့တွင် မိုက်ကယ် အယ်လ်ဂူရာသည် မိဘနှစ်ပါးနှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သည်။ မိုက်ကယ်သည် တစ်ဦးတည်းသောသားဖြစ်သည်။ သူ၏ဖခင်မှာ အသက် ၄၀အရွယ်ရှိ အော်စကာအယ်လ်ဂူရာ **(ယာပုံ)**နှင့် မိခင်မှာ အသက် ၄၄နှစ်အရွယ်ရှိ ကလီမင်တီနာတို့ဖြစ်သည်။ မိဘနှစ်ဦးစလုံး ကုန်သည်များ ဖြစ်ကြသည်။ တစ်ဦးတည်းသောသားကလေး မိုက်ကယ်ကို အချစ်ပိုအလိုလိုက်ကြသော်လည်း မိုက်ကယ်သည် မိဘများအပေါ် ဆိုးသွမ်းခြင်းမရှိပေ။ မိတ်ဆွေများနှင့်လည်း ပေါင်းသင်းဆက်ဆံရေးပြေပြစ်ကာ အပေါင်းအသင်းဝင်ဆံ့သူဖြစ်သည်။

မိုက်ကယ်သည် ယခုအသက် ၁၅နှစ်အရွယ်ရှိနေပြီး တက္ကသိုလ်ဝင်တန်းသို့ တက်ရောက်နေပြီဖြစ်သည်။ သူသည် ဘောလုံး ကစားခြင်းကို ဝါသနာပါပြီး ကျန်းမာရေး လိုက်စားသူဖြစ်သည်။ ပညာရေးတွင်လည်း ထူးချွန်သည်။

သတိမထားမိ

မိုက်ကယ်သည် ကျောင်းအားလပ်ချိန်များတွင် သူဝါသနာပါရာကို



တစိုက်မတ်မတ်လိုက်စားရင်း မသမာသူများ၏ လက်ချက်ကြောင့် ကံဆိုးမိုးမှောင်ကျခဲ့ရသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၈ရက် ညနေ ၃နာရီခွဲခန့်တွင် အယ်လ်ဂူရာသည် ကစားဖော်နှစ်ဦးနှင့်အတူ သူတို့တက်ရောက်နေရာ ဟင့်ပ်စတက်မြို့ အထက်တန်းကျောင်းဘေးကိုက် ၂၀၀ခန့် အကွာရှိ အသုံးမပြုဘဲထားသော ဘောလုံးကွင်းတွင် ဘောလုံးကစားနေကြသည်။ ကစားသည့်ဘက်သို့ စိတ်ရောက်နေကြ၍ ပတ်ဝန်းကျင်ကို သတိမထားမိတော့ပေ။ သူတို့ကစားရာ အားကစားကွင်းဟောင်းကြီးသည် အသုံးမပြုဘဲ ပိတ်ထားသည်မှာ ကြာပြီဖြစ်သောကြောင့် လူသူပြတ်လပ်ကာ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်ဖုံးလွှမ်းနေသည်။

အသိနောက်ကျသွားခဲ့

ထို့အပြင် မနီးမဝေးတွင် သစ်တောအုပ်ကြီးကလည်း ရှိနေသည်။ ထိုသို့ အာရုံမစိုက်မိသောကြောင့် မျက်နှာဖုံးစွပ် လူတစ်စု သူတို့ထံ ချဉ်းကပ်လာသည်ကို မသိခဲ့ကြချေ။ သူတို့နှင့် မလှမ်းမကမ်းရောက်ချိန်မှ မျက်နှာဖုံးစွပ် လူကိုးဦး ချဉ်းကပ်လာသည်ကို သတိထားမိသော်လည်း သူတို့အဖို့ အသိနောက်ကျသွားခဲ့ပေပြီ။

ဝမ်းနည်းပူဆွေး

မျက်နှာဖုံးစွပ် လူကိုးဦးက သူတို့သုံးဦးကို ကစားကွင်းနံရံတွင် ကျောမှီခိုင်းပြီး သူတို့တွင်ပါလာသော ဆယ်လ်လူလာဖုန်းများနှင့် MP-3စက်တစ်လုံးကို ယူဆောင်ခဲ့ကြသည်။ လူငယ်သုံးဦးသည် ပြန်လည်ခုခံခြင်းမပြုဘဲ မျက်နှာဖုံးစွပ်များထံမှ သဲလွန်စရရှိနိုင်သမျှ ရရန်ကြိုးစားခဲ့ကြသည်။ ထိုအချိန်တွင် မျက်နှာဖုံးစွပ် တစ်ဦးက မိုက်ကယ်အယ်လ်ဂူရာ၏ ဝမ်းဗိုက်ကို ဓားဖြင့် ထိုးစိုက်ချလိုက်ပြီးနောက် သူတို့အားလုံး တောအုပ်ကြီးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ ထိုအခါမှ ကျန်လူငယ်နှစ်ဦးလည်း မိုက်ကယ်အယ်လ်ဂူရာ၏ မိဘများထံ အမြန်သတင်းပို့ကာ မိုက်ကယ်အား ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ဓားဒဏ်ရာ ပြင်းထန်စွာ ရခဲ့သော မိုက်ကယ်သည် ဇန်နဝါရီ၁၉ရက်တွင် မိဘနှစ်ပါးနှင့် ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းများကို ထာဝရ ကျောခိုင်းသွားတော့သည်။ မိဘဆွေမျိုး မိတ်ဆွေများသည် မိုက်ကယ်သေဆုံးခဲ့မှုကြောင့် ဝမ်းနည်းပူဆွေးခဲ့ကြရသည်။ ရဲတပ်ဖွဲ့ကမူ လူသတ်တရားခံများကို အပူတပြင်း ရှာဖွေလျက်ရှိသည်။

ချစ်ပါသော်လည်း ကွေကွင်းရ

ထို့ကြောင့် လူငယ်များအနေဖြင့် လူသူပြတ်လပ်သောနေရာများ၌ သွားရောက် ကစားရန်လည်း မသင့်တော်ကြောင်း ဤဖြစ်ရပ်က သက်သေပြနေသကဲ့သို့ မိုက်ကယ်၏ မိဘနှစ်ပါးအနေဖြင့်လည်း ချစ်ပါသော်လည်း ကွေကွင်းကြရသောအဖြစ်ကို သံဝေဂ ယူဖွယ်ရာပင် ဖြစ်ပါတော့သည်....။ ။

မိုက်ကယ်သည် ကျောင်းအားလပ်ချိန်များတွင် သူဝါသနာပါရာကို တစိုက်မတ်မတ်လိုက်စားရင်း မသမာသူများ၏ လက်ချက်ကြောင့် ကံဆိုးမိုးမှောင်ကျခဲ့ရ။

နိုင်ငံတကာ သတင်းဟာသ

ဪ...စားပွဲထိုး...စားပွဲထိုး

နာမည်ကြီးစားသောက်ဆိုင်တစ်ဆိုင်၌ ဆက်ဆံရေးအလွန်ကောင်းမွန်သော မင်ဒယ်အမည်ရှိ စားပွဲထိုး ကွယ်လွန်ခဲ့သည်။ မင်ဒယ်နှင့် ရင်းနှီးနေသော စားသုံးသူများက ၎င်းအားသတိတရဖြစ်လျက်ရှိနေသည်။

တစ်နေ့၌ အမြဲတမ်းလာရောက်စားသုံးသူဖောက်သည်တစ်စု စားသောက်ဆိုင်သို့ ရောက်ရှိလာပြီး ယင်းတို့ထဲမှ တစ်ဦးက သေဆုံးသွားသူ စားပွဲထိုး မင်ဒယ်ကိုခေါ်၍ရကြောင်း သူခေါ်နိုင်ကြောင်းပြောကြားလိုက်သည်။ ထို့နောက် အသံကျယ်ကျယ်ဖြင့် မင်ဒယ်နာမည်ကိုခေါ်သော်လည်း ရောက်မလာသဖြင့် အကြိမ်ကြိမ်အော်ခေါ်ရာ ခပ်လှမ်းလှမ်းမှ မင်ဒယ်ထူးသံကြားရသဖြင့် ခေါ်သူက "ခေါ်နေတာကြာပြီ ဘာဖြစ်လို့မလာတာလဲ"ဟု မေးရာ မင်ဒယ်က "အဲဒါ ကျွန်တော့်စားပွဲမဟုတ်ဘူး"ဟု ဖြေကြားသည် ဟူသတတ်။ ။

ဘဝဒဿနအမြင်

* **To be loved, be lovable.**
  ချစ်ခင်မှုကို ခံယူနိုင်ရန်မှာ ချစ်စရာကောင်းဖို့လိုလေသည်။
  အိုဗစ်(ကဗျာဆရာ)

* **The important thing is not to stop questioning.**
  အရေးကြီးတာကတော့ စဉ်ဆက်မပြတ် စူးစမ်းလေ့လာနေဖို့ပါပဲ။
  အဲလ်ဘတ်အိုင်းစတိုင်း(ရူပဗေဒပညာရှင်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၃၀-၁-၂၀၀၈

ပြင်သစ်နှင့်ဆက်ဆံမှုအဆင့်လျှော့ချမည်ဟုအီရန်သတိပေး

အီရန်၏နျူကလီးယားအစီအစဉ်အပေါ်အမြင်မကြည်လင်သည့် ပြင်သစ်တို့နှင့် စီးပွားရေးဆက်ဆံမှုအဆင့်လျှော့ချမည်ဟု အီရန်ထိပ်တန်းအရာရှိတစ်ဦးက သတိပေးပြောကြားလိုက်သည်။

ပြင်သစ်သမ္မတနီကိုလက်စ်ဆာကိုဇီ၏ အီရန်နျူကလီးယားအစီအစဉ်အပေါ်ဆန့်ကျင်သည့် မူဝါဒကိုင်ဆွဲထားမှုအတွက် အီရန်ပါလီမန်၏အမျိုးသားလုံခြုံရေးနှင့်နိုင်ငံခြားရေးရာကော်မရှင်အကြီးအကဲ အလီဒင်ဘိုရိုဂျာဒီက သတိပေးလိုက်ခြင်းဖြစ်သည်။

တရုတ်နှင့်ကမ္ဘောဒီးယား ဆက်ဆံရေးတိုးမြှင့်မည်

ကမ္ဘောဒီးယားနှင့် တရုတ်နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟော်နမ်ဟောင်က ပြောကြားသည်။

လာမည့် ဇူလိုင်၁၉ရက်၌ တရုတ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်၅၀ပြည့်မြောက်ပြီဖြစ်ရာ မိမိတို့နှစ်နိုင်ငံ နယ်ပယ်ကဏ္ဍအသီးသီး၌ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစ္စတာဟော်နမ်ဟောင်က ပြောကြားသည်။

ရုရှားရဲတပ်ဖွဲ့ဝင်နှစ်ဦး ချေချင်းညာ၌ သေဆုံး

ရုရှားနိုင်ငံ ချေချင်းညာဒေသတွင် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ပစ်ခတ်မှုကြောင့် ရုရှားရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားသည်။

ချေချင်းညာဒေသ ကျေးရွာတစ်ရွာအနီး ရုရှားရဲတပ်ဖွဲ့ဝင်များနှင့် ချေချင်းညာ လက်နက်ကိုင်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာမှ ရုရှားရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

စပိန်လေယာဉ်များဝယ်ယူမှု ဆလိုဗေးနီးယားဖျက်သိမ်း

စပိန်နိုင်ငံမှ ကာဆာစီ ၂၉၅သယ်ယူပို့ဆောင်ရေးလေယာဉ်များ ဝယ်ယူမှုကို ဆလိုဗေးနီးယားနိုင်ငံက ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ဆလိုဗေးနီးယားကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

စပိန်နိုင်ငံလုပ် ကာဆာစီ ၂၉၅ အမျိုးအစားလေယာဉ်တစ်စင်း ပိုလန်နိုင်ငံ၌ မကြာမီက ပျက်ကျခဲ့ပြီးနောက် လုံခြုံစိတ်ချရမှုအားနည်းချက်ဖြင့် လေယာဉ်ဝယ်ယူမှုကို ဆလိုဗေးနီးယားက ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရေနံသုံးစွဲမှု တိုးမြှင့်နေမည်

ကမ္ဘာ့ရေနံဈေးနှုန်းများ ယခင်နှစ်များကထက် မြင့်မားခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများ၏ရေနံသုံးစွဲမှုမှာ ဆက်လက်တိုးမြှင့်နေမည်သာဖြစ်ကြောင်း ကမ္ဘာ့စွမ်းအင်ကောင်စီက ပြောကြားသည်။

ထို့အပြင် ကမ္ဘာ့ရေနံထုတ်လုပ်မှုသည် ၂၀၀၀ပြည့်နှစ်မှ စတင်ကာ နှစ်ချင်းအလိုက်တိုးတက်မှုမှာ ၁ဒသမ၅ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ သို့သော် သုံးစွဲမှုမှာ အဆိုပါ ပမာဏထက်ပိုမိုများပြားနေကြောင်း ကမ္ဘာ့စွမ်းအင်ကောင်စီမှ အရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းက ဟားမတ်စ်အဖွဲ့ဝင်များအားဖမ်းဆီး

အနောက်ဘက်ကမ်းခြေဒေသ၌ ပါလက်စတိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များက ဟားမတ်စ်အဖွဲ့ဝင်ရှစ်ဦးကို ဖမ်းဆီးလိုက်သည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်၏ လုံခြုံရေးအတွက် ဟားမတ်စ်အဖွဲ့ဝင်ရှစ်ဦးကိုဖမ်းဆီးခဲ့ပြီး မကြာမီ အစ္စရေးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းလက်နက်ကိုင် ၁၇ဦးကို ဖမ်းဆီးခဲ့သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

● ရုရှားနိုင်ငံ တောင်ပိုင်း ဗိုလ်ရိုဂရတ်ဒေသ၌ ဇန်နဝါရီ ၂၉ရက်က ရုရှားစစ်ဘက်လေ့ကျင့်ရေး လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူး သေဆုံးခဲ့သည်။ **(ဓာတ်ပုံ)**

● **တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ဘိုလူပြည်နယ်တွင် ဇန်နဝါရီ၃၀ရက်နံနက်က မော်တော်ယာဉ်ရှစ်စီး တိုက်မှုဖြစ်ပွားရာ ငါးဦးပွဲချင်းပြီးသေဆုံးပြီး ၃၅ဦးဒဏ်ရာရရှိခဲ့သည်။**

● အီကွေဒေါနိုင်ငံအလယ်ပိုင်း တွန်ဂါရာဟွာမီးတောင်သည် ဇန်နဝါရီ ၃၀ရက်က လှုပ်ရှားမှုပြင်းထန်လာပြီး မီးခိုးနှင့်ပြာမှုန်များထွက်ရှိနေသဖြင့် အနီးဝန်းကျင်မှ ဒေသခံများအား အလျင်အမြန်ရွှေ့ပြောင်းပေးလျက်ရှိသည်။

● **ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာရိုကျွန်း၌ ဇန်နဝါရီ ၂၉ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိရာ ၁၄ဦး ပွဲချင်းပြီးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့သည်။**

● တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဂန်ကျိုပြည်နယ်တွင် နှင်းများထူထပ်စွာကျဆင်းနေမှုကြောင့် ဇန်နဝါရီ ၂၉ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီး လမ်းဘေးလျှိုမြောင်အတွင်း ထိုးကျခဲ့ရာ ၂၅ ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။

● **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့တွင် ဇန်နဝါရီ ၂၉ ရက်က မုန်တိုင်းတိုက်ခတ်ခံရမှုကြောင့် ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့သည်။**

● အီတလီနိုင်ငံ ရောမမြို့အရှေ့မြောက်ဘက် မိုင်၁၂၀ခန့်အကွာ ကျေးရွာတစ်ရွာအနီး မြေအောက်မှလွန်ခဲ့သော နှစ်ပေါင်း၂၅၀၀ခန့်က ရှေးခေတ်လူသားတို့အသုံးပြုခဲ့သည့် ကျောက်လက်နက်တစ်ခုကို သုတေသနပညာရှင်များက တွေ့ရှိခဲ့သည်။

● **အာဂျင်တီးနားနိုင်ငံမြောက်ပိုင်း ဆာလ်တာပြည်နယ်၌ ဇန်နဝါရီ ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအများအပြား ရေလွှမ်းခံရပြီး ဒေသခံပြည်သူ ၁၅၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့နေရသည်။**

အယ်လ်ဂျီးရီးယားနိုင်ငံ

သတင်းအက်ဆေး တိုး–ရေးသားသည်

လွန်ခဲ့သည့် ရာစုနှစ်ဝက်တစ်ခုလုံး အကြမ်းဖက်မှုတို့ကြောင့် ဖွတ်ဖွတ်ကြေခဲ့ရသည့် အယ်လ်ဂျီးရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံမှာ အာဖရိကတိုက်နှင့် ဥရောပတိုက်အကြားရှိ တံခါးဝဖြစ်သည်။ ၁၉၆၂ခုနှစ်တွင် ပြင်သစ်လက်အောက်မှ လွတ်လပ်ရေးရရှိရန် အယ်လ်ဂျီးရီးယားပြည်သူတစ်သန်းကျော် အသက်နှင့်ရင်းခဲ့ကြရသည်။ ၁၉၉၂ခုနှစ်တွင် ရွေးကောက်ပွဲဖျက်သိမ်းပြီးနောက် အယ်လ်ဂျီးရီးယားနိုင်ငံမှာ သွေးချောင်းစီးပြည်တွင်းစစ်မှ ရုန်းထွက်ခဲ့သည်မှာလည်း မကြာသေးပေ။

ရည်မှန်း

အယ်လ်ဂျီးရီးယားနိုင်ငံ ၁၉၆၂ခုနှစ်တွင် လွတ်လပ်ရေးရအပြီး ၁၉၆၃ခုနှစ်တွင် အယ်လ်ဂျီးရီးယားနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် အာမက်ဘင်ဘဲလားအား ရွေးချယ်တင်မြှောက်လိုက်သည်။ ၁၉၆၅ခုနှစ်တွင် သမ္မတဘင်ဘဲလားအား ဗိုလ်မှူးကြီးဘူမီဒီယင်းက ဖြုတ်ချအာဏာသိမ်းသည်။ ၁၉၇၆ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းသည်။ ဆိုရှယ်လစ်စနစ်အကောင်အထည်ဖော်ရန်ရည်မှန်းသည်။ တစ်ခုတည်းသော ပါတီဖြစ်သည့် အမျိုးသားလွတ်မြောက်ရေးတပ်ဦးကို ဖွဲ့စည်းသည်။ ၁၉၇၈ခုနှစ်တွင် ဘူမီဒီယင်းကွယ်လွန်၍ ဗိုလ်မှူးကြီးဘင်ဂျီဒစ်တက်လာသည်။

၁၉၈၆ခုနှစ်တွင် ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့ပြဿနာတို့အပြင် ရေနံနှင့် ဓာတ်ငွေ့ဈေးနှုန်းကျဆင်းမှုတို့ကြောင့် သပိတ်မှောက်မှုများ၊ ကန့်ကွက်ဆန္ဒပြအကြမ်းဖက်မှုများပေါ်ပေါက်လာမည်။ ၁၉၈၉ခုနှစ်တွင် တစ်ပါတီစနစ် ဖျက်သိမ်းပေးရသည်။ ၁၉၉၁ခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကျင်းပရာ အစ္စလမ္မစ်ကယ်တင်ရေးတပ်ဦး(အက်ဖ်အိုင်အက်စ်)က အနိုင်ရသည်။ ၁၉၉၂ခုနှစ် ဇန်နဝါရီ ၄ရက်တွင် သမ္မတအမိန့်ဖြင့် အမျိုးသားပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းသည်။ ထို့ပြင် တစ်ဆက်တည်းပင် ဇန်နဝါရီ ၁၁ရက်၌ သမ္မတကင်ဂျီဒစ် ရာထူးမှနုတ်ထွက်သည်။ အာဏာကို မိုဟာမက်ဦးဆောင်သည့် အဖွဲ့ဝင်ငါးဦးပါသော နိုင်ငံတော်ကောင်စီကလွှဲယူသည်။ ၁၉၉၂ခုနှစ်တွင် မိုဟာမက်လုပ်ကြံခံရသည်။ အကြမ်းဖက်မှုများတိုးလာသည်။ ၁၉၉၄ ခုနှစ်တွင် မိုဟာမက်၏ နေရာကို အငြိမ်းစားဗိုလ်မှူးကြီးဇေရိုးရယ်ကို ခန့်အပ်သည်။ ၁၉၉၈ခုနှစ်တွင် ဇေရိုးရယ်က သမ္မတ သက်တမ်းလျှော့ပြီး သမ္မတရွေးကောက်ပွဲ စောကျင်းပပေးမည်ဟု ကြေညာသည်။

အာမခံ

၁၉၉၉ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘူတီဖလီကာအား သမ္မတအဖြစ်ရွေးချယ်တင်မြှောက်သည်။ ၂၀၀၄ခုနှစ် ဧပြီလတွင် ဘူတီဖလီကာမှာ ဒုတိယအကြိမ်သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။ ပထမအကြိမ် သမ္မတအဖြစ် အရွေးခံရစဉ်က သွေးစွန်းမှုများအဆုံးသတ်စေရမည်ဟု ကြွေးကြော်လုပ်ဆောင်ခဲ့ပြီး ယခုအကြိမ်တွင်မူ စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်မည်ဟု အာမခံထားသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် အစွန်းရောက် ဂျီအက်စ်ပီစီအဖွဲ့က အာဖရိကတိုက်အနောက်မြောက်ပိုင်း အယ်လ်ခိုင်ဒါအဖွဲ့ဟု နာမည်ပြောင်းလဲလိုက်သည်။ ယင်းအဖွဲ့သည် ၂၀၀၆ခုနှစ် ဒီဇင်ဘာလက ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုနှင့် နောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်လာသည်။ အာဖရိကမြောက်ပိုင်းမှ စစ်သွေးကြွများအနေဖြင့် ကိုယ့်မြေကိုယ့်ရေတွင် စပိန်နှင့်ပြင်သစ်များမရှိအောင်ချေမှုန်းပစ်ကြရန် အယ်လ်ခိုင်ဒါအဖွဲ့ ဒုတိယခေါင်းဆောင် အယ်ဇာမာရီက ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် အချက်ပေးတိုက်တွန်းသည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် အယ်လ်ဂျီးရီးယားရှိ ကုလသမဂ္ဂဌာနေရုံးခွဲနှင့် လူငယ်များအပြည့်လိုက်ပါတင်ဆောင်လာသော ဘတ်စ်ကားတစ်စီးကို ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသည်။

ဖုံးအုပ်

အယ်လ်ဂျီးရီးယားပိုင်နက်နယ်မြေ၏ ငါးပုံလေးပုံမှာ ဆာဟာရသဲကန္တာရဖုံးအုပ်လျက်ရှိသည်။ ၁၉၅၀ပြည့်လွန်နှစ်များက ဤနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များတွေ့ရှိသည်။ သို့သော် ပြည်သူအများစုသည် မြောက်ဘက်ကမ်းခြေတစ်လျှောက်တွင် နေထိုင်သည်။ အယ်လ်ဂျီးရီးယားနိုင်ငံက ဥရောပသို့ သဘာဝဓာတ်ငွေ့အများအပြားရောင်းချပေးသည်။ စွမ်းအင်တင်ပို့ရောင်းချမှုမှာ အယ်လ်ဂျီးရီးယားစီးပွားရေး၏ ပင်မကျောရိုးဖြစ်သည်။ ၇ရာစုတွင် မြောက်ပိုင်းအာဖရိကကို အာရပ်များ တိုက်ခိုက်သိမ်းပိုက်ခြင်းမပြုမီက အယ်လ်ဂျီးရီးယားနိုင်ငံနှင့် ဘာဘာလူမျိုးစုတို့ မူလအခြေချ နေထိုင်ကြသည်။ ဘာဘာလူမျိုးများသည် အာရပ်တို့၏ဩဇာပျံ့နှံ့မှုကို ခုခံတွန်းလှန်လိုက်ကြသည်။ သူတို့သည် တောတောင်ထူထပ်သောဒေသများတွင် နေထိုင်ကြသည်။ အယ်လ်ဂျီးရီးယားနိုင်ငံ လူဦးရေ၏ ၃၀ရာခိုင်နှုန်းခန့်ရှိသည်။

လွှမ်းမိုး

၁၆ရာစုမှစ၍ တူရကီအော်တိုမန်အင်ပါယာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သည့် အယ်လ်ဂျီးရီးယားနိုင်ငံကို ၁၈၃၀ပြည့်နှစ်တွင် ပြင်သစ်တို့က သိမ်းပိုက်အုပ်စိုးသည်။ ၁၉၅၄ခုနှစ်မှစ၍ အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ ဦးဆောင်မှုဖြင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် လွတ်လပ်ရေးရပြီး အစ္စလမ္မစ်စစ်သွေးကြွများနှင့် စစ်တပ်တို့၏အာဏာလွန်ဆွဲပွဲများက အယ်လ်ဂျီးရီးယားနိုင်ငံရေးကို လွှမ်းမိုးခဲ့သည်။

လွတ်လပ်ရေးတိုက်ပွဲဝင်သူတစ်ဦးဖြစ်သူ ဘူတီဖလီကာမှာ ၁၉၇၉ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ၁၆နှစ်ကြာတာဝန်ယူခဲ့သူဖြစ်သည်။ အလုပ်လက်မဲ့ဦးရေများမှု၊ စွမ်းအင်တင်ပို့ရောင်းချရမှုအပေါ်မှီခိုမှုအပါအဝင် အယ်လ်ဂျီးရီးယားနိုင်ငံ၏ စီးပွားရေးဒုက္ခကို သမ္မတဘူတီဖလီကာက ကိုင်တွယ်ဖြေရှင်းလိုသည်။ အယ်လ်ဂျီးရီးယားပါလီမန်မှာ အတည်ပြုပေးသည့် အဖွဲ့အစည်းအဖြစ်သာ ယူဆရပြီး သမ္မတလက်ထဲတွင်သာ အာဏာစုနေသည်။ ။

အယ်လ်ဂျီးရီးယားနိုင်ငံ၏ ရေနံတူးစင် တစ်စင်ကို တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကိုးကား–အင်တာနက်

အသင်းဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဇန်နဝါရီ ၂၈ရက် ည ၈နာရီ ၁၅မိနစ်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာဧည့်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တွဲဖက် အထွေထွေအတွင်းရေးမှူး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

တင်ပြ

တွေ့ဆုံပွဲတွင် ဗဟိုအလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ပံ့ပိုးဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အသင်းအတွင်းရေးမှူးများက နယ်မြေဒေသအလိုက်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုနာယကအဖွဲ့ဝင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

ထင်းအစားထိုးလောင်စာ

မြန်မာ့အဖိုးတန်သစ်များ ထိန်းသိမ်းထုတ်လုပ်ရေးကို အထောက်အကူဖြစ်စေရေးအတွက် အခြားလူသိနည်း သစ်မျိုးများ၊ လူသုံးနည်း သစ်မျိုးများကိုလည်း အသုံးချနိုင်ရန် စီမံဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ထင်းအစားထိုးလောင်စာအသုံးပြုရေးကိုလည်း ထိထိမိမိ ဆောင်ရွက်ကြရန်လိုကြောင်း။

ထို့အတူ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင်လည်း မျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး၊ မွေးမြူရေးဆိုင်ရာနည်းပညာများ တိုးတက်ဖြစ်ထွန်းရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါးပုစွန် သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးမပြုန်းတီးရေးတို့ကို အလေးထားဆောင်ရွက်ရန် အလွန်မှအရေးကြီးကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြည်ပမျိုးများကို အားကိုးမည့်အစား ပြည်တွင်းရှိ မျိုးကောင်းမျိုးသန့်များရှာဖွေဖော်ထုတ်ပြီး ရရှိလာသည့် မျိုးကောင်းမျိုးသန့်များကို မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ ရာသီဥတု၊ အစာအာဟာရတို့နှင့် သဟဇာတဖြစ်စေသော မွေးမြူရေးနှင့် ရေလုပ်ငန်း နည်းစနစ်များကို ကျင့်သုံးဆောင်ရွက်ကြပါဟုလည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ထို့အပြင် အချို့နိုင်ငံများတွင် ငါးဖမ်းလွန်ကဲပြီး ငါးမျိုးပြုန်းတီးမှုများရှိနေသကဲ့သို့ မိမိနိုင်ငံ၌ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောကဏ္ဍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဉာဏ်ထွန်းအား ပညာရှင်အဖွဲ့ဝင် အသိအမှတ်ပြုလွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ကြိုတင်ကာကွယ်

ယနေ့ ကမ္ဘာ့နိုင်ငံအတော်များများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ကြိုတင်ကာကွယ်ရေး၊ ကုသရေးလုပ်ငန်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း ယင်းရောဂါဆိုးကြီး ကျရောက်ပြန့်ပွားမလာရအောင် ပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို မပြတ်သောသတိဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ကြပါဟု မှာကြားလိုကြောင်း။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများနှင့်တကွ ဆက်စပ်နေသည့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရှင်ကြီးများ၏ ခေတ်မီနည်းပညာစွမ်းအား၊ သုတေသနစွမ်းအားများဖြင့် ပေါင်းစပ်ထောက်ကူပေးနိုင်ရေးသည် အလွန်အရေးပါလှကြောင်း၊ သုတေသနလုပ်ငန်းလုပ်ကိုင်ရာတွင် ရှိပြီး လူ့စွမ်းအားနှင့်နည်းပညာစွမ်းအားများကို ယခုထက်ပိုမိုပြီးကောင်းမွန်အောင်၊ ပြည့်စုံအောင်၊ ဖွံ့ဖြိုးအောင် အစီအစဉ်ချပြီး လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ အခြေခံအဆင့်ကစပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည်အထိ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လူ့စွမ်းအားနှင့် လုပ်ငန်းခွင် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ဦးတည်ချက်ရှိရှိဖြင့် ကြိုးကြိုးစားစား ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ပြောကြားလိုသည်မှာ ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းက မိမိတို့ ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်နှင့်အညီ ပညာရှင်ကြီးများအပိုင်းကလည်း စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများက တစ်ဆင့် နိုင်ငံ၏ စီးပွားရေးကို ထိရောက်စွာတိုးမြှင့်ပေးနိုင်စေရန်နှင့် ပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် စားနပ်ရိက္ခာထုတ်လုပ်ရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရုက္ခနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ဂေဟစနစ် မပျက်ယွင်းစေရအောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ထိန်းညှိပေးရင်း နိုင်ငံတကာတွင် ဖြစ်ထွန်းနေသည့် နက်နဲသိမ်မွေ့ပြီး အရည်အသွေးမြင့်မားသော နည်းပညာများကို ကဏ္ဍအသီးသီး၌ လိုက်လျောညီထွေစွာ ထိထိရောက်ရောက် အသုံးပြုနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။

နိုင်ငံတော်၏ လယ်ယာ၊ သား၊ ငါးနှင့် သစ်တောသယံဇာတများကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီး အမျိုးသား အကျိုးစီးပွားအတွက် ထိုက်ထိုက်တန်တန် အကျိုးရှိရှိ သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊ အသိပညာရှင်၊ အတတ်ပညာရှင် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာရေးအတွက် စနစ်တကျ အစီအမံများချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းချီးမြှင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးရာပြည့်အထိမ်းအမှတ် ၁၉၀၆-၂၀၀၆ "မြန်မာ့စိုက်ပျိုးရေးသမိုင်း"စာအုပ်ပြုစုရေးသားသည့် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာထွန်းဆိုင်၊ ၂၀၀၅ခုနှစ် အမျိုးသားစာပေဆု (အသုံးချသိပ္ပံဘာသာရပ်)တွင် **"သစ်သားဆိုင်ရာနည်းပညာ"**ခေါင်းစဉ်ဖြင့် ဆုချီးမြှင့်ခြင်းခံရသော မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဖွဲ့ဝင် သစ်တောတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်(၁)နှင့် ၂၀၀၅ခုနှစ် စာပေဗိမာန်စာမူဆု (သုတပဒေသာ-သိပ္ပံ)တွင် **"ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ဆက်နွှယ်နေသော တိရစ္ဆာန်တို့၏ ကူးစက်ရောဂါများ"** ခေါင်းစဉ်ဖြင့် ဒုတိယဆု ချီးမြှင့်ခြင်းခံရသော မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဖွဲ့ဝင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာတင်တင်မြိုင်တို့အား ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက စိုက်ပျိုးရေးကဏ္ဍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်သန်းအား ပညာရှင်အဖွဲ့ဝင် အသိအမှတ်ပြုလွှာကိုလည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောကဏ္ဍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဉာဏ်ထွန်းအား ပညာရှင်အဖွဲ့ဝင် အသိအမှတ်ပြုလွှာကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမင်းစိုးအား ပညာရှင်အဖွဲ့ဝင် အသိအမှတ်ပြုလွှာကိုလည်းကောင်း အသီးသီးပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဝန်ကြီးများ၊ ပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွန်းမျိုးရိုးဗီဇများ ထိန်းသိမ်းစောင့်ရှောက်ခြင်း ပြကွက်တွင် ကျွန်းသစ်စေ့ထုတ်ဧရိယာ တည်ထောင်ခြင်းနှင့် ကျွန်းမျိုးရိုးဗီဇများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားဇီဝလုံခြုံမှု မူဘောင်ရေးဆွဲရေးစီမံကိန်း (Development of National Bio Safety Framework)၊ သုတေသနဆောင်ရွက်ခြင်း (Research Activities) ပြကွက်၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများနှင့်သက်ဆိုင်သည့် ပညာရှင်များ၏ သုတေသနလုပ်ငန်းများဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် စာတမ်းများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

✱ ကျောဖုံးမှ

အရေပြားပေါ်တွင် ဝက်ခြံဟုခေါ်သော အဖုအပိမ့်များထွက်လာသည်။ ဝက်ခြံသည် မျက်နှာ၊ ရင်ဘတ်နှင့်ကျောဘက်တို့တွင်ဖြစ်တတ်ပြီး လူပျို၊ အပျိုဘော်ဝင်စတွင် အဖြစ်များတတ်သည်။

အုတ်ဂျုံမျက်နှာဖုံး

ဝက်ခြံများအထွက်နည်းစေရန် အရေပြားကို သန့်ရှင်းစွာထားခြင်းသည် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ သို့သော်လည်း အကောင်းဆုံးနည်းလမ်းတစ်ရပ်မှာ အုတ်ဂျုံမှုန့်ဖြင့် ပြုလုပ်ထားသည့် မျက်နှာဖုံးစွပ်အသုံးပြု၍ အသားအရေကို ချောမောလှပစေနိုင်သည်။ အုတ်ဂျုံမျက်နှာဖုံးစွပ်သည် မွေးညင်းပေါက်များအတွင်း အဆီနှင့် အညစ်အကြေးများကို စုပ်ယူဖယ်ရှားနိုင်ပါသည်။ ယင်းအုတ်ဂျုံမျက်နှာဖုံးစွပ်ပြုလုပ်ရန်မှာ စားဖိုဆောင်တစ်ခုအတွင်း အလွယ်တကူတွေ့ရှိနိုင်သောပစ္စည်းများဖြစ်၍ ခက်ခဲမည်မဟုတ်ပေ။

အုတ်ဂျုံမှုန့်နှင့် နွားနို့အပေါ်ယံပေါ်ရှိ အနှစ်များကို အချိုးအစားညီမျှစွာ ချိန်ခွက်နှင့်ချိန်ပြီး မွှေစက်ထဲထည့်ကာ ကော်ရည်ကဲ့သို့ဖြစ်လာအောင်မွှေပေးပါ။ ယင်းကို အခြောက်ခံအေးထားပြီး မျက်နှာပေါ်တွင် လိမ်းကျံဖုံးအုပ်ပေးပါ။ ၎င်းအုတ်ဂျုံလွှာမျက်နှာဖုံးကို ၁၅ မိနစ်၊ နာရီဝက်ခန့်ကြာအောင် မျက်နှာပေါ်တွင် ဖုံးအုပ်ထားပါ။ ပြီးလျှင် ယင်းဂျုံလွှာကိုဖယ်ရှား၍ ရေအေးအေးနှင့် မျက်နှာသစ် ဆေးကြောသန့်စင်ပေးပါ။

ကာကွယ်ပေးနိုင်

ယင်းအုတ်ဂျုံလွှာမျက်နှာဖုံးသည် အရေပြားပေါ်ရှိ အဆီနှင့် အညစ်အကြေးများကို စုပ်ယူနိုင်သဖြင့် ဝက်ခြံဖြစ်ပွားမှုအား ကာကွယ်ပေးနိုင်သည်။

သဘာဝပစ္စည်း

၎င်းအုတ်ဂျုံလွှာမျက်နှာဖုံးသည် ဓာတုဗေဒဆေးဝါးများမပါဘဲ သဘာဝပစ္စည်းများဖြင့် အသုံးပြုထား၍ တိရစ္ဆာန်များ၊ ကလေးငယ်များ စားသုံးမိပါကလည်း ဘေးဥပဒ်မဖြစ်စေနိုင်ပါ။

အဆိုပါမျက်နှာဖုံးသည် အရေပြားပေါ်ရှိ ပိုလျှံနေသောအဆီများကို စုပ်ထုတ်ဖယ်ရှားပေးနိုင်ပါသည်။ မျက်နှာအဆီပြန်တတ်သူများဖြစ်လျှင် တစ်နေ့နှစ်ကြိမ် မျက်နှာသစ်ပေးပြီး ယင်းအုတ်ဂျုံမျက်နှာဖုံးကို ဖုံးအုပ်ပေးပါ။ မျက်နှာပေါ်ရှိ အနီစက်ပြောက်များ၊ ဝက်ခြံအဖုအပိမ့်များဖြစ်ပွားမှုကို ပျောက်ကင်းသက်သာစေနိုင်ပါသည်။ ။

(ကိုးကား-အင်တာနက်)

တရားတော်များဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ထေရဝါဒဓမ္မသဘင်ပွဲကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီဝင်းအတွင်းတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် အရှင်ကောသလ္လ (သာသနတက္ကသီလမဟာဓမ္မာစရိယ၊ M.A Buddhism) က ညစဉ် ၇နာရီမှ စတင်၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

စတုဘုမ္မိကတရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်း ရွှေဘိုမြို့သခွတ္တောရပ် စတုဘုမ္မိကစာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိဿကျောင်းတိုက်၌ ရွှေမင်းဝံ ငှက်တွင်းဆရာတော်ကြီး၏ဥပနိဿယအတိုင်း ခုနစ်ရက် တရားစခန်းကို ဖေဖော်ဝါရီ၁ ရက်မှစ၍ ဘဒ္ဒန္တကုမာရ(သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ကမ္မဋ္ဌာနာစရိယ)ရန်ကုန်သင်္ဃန်းကျွန်း ပြည်သာယာ စတုဘုမ္မိကရိပ်သာဆရာတော်က သတိပဋ္ဌာန်တရား ဟောကြားမည်ဖြစ်ရာ ဖုန်း-၀၇၅-၂၂၀၆၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(က-ပ)**

● *ကျောဖုံးမှ*

အရည်အသွေးပြည့်မီသော ပညာတတ်များဖြစ်လာစေရန် ကျောင်းသားကျောင်းသူလူငယ်များအား စေတနာထားသင်ကြား

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များအား တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် ကျိုင်းတုံမြို့ရှိ ခုတင်(၂၀၀)ဆံ့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်မြင့်၊ အထူးကု ဆရာဝန်ကြီးများ၊ ရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင်များ၊ ဆရာဝန်များနှင့် သူနာပြုဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁)အား ဆေးရုံကြီး အစည်းအဝေးခန်းမ၌ တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကူးစက်ရောဂါများ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ၊ ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ကုသထိန်းချုပ်ရေး လုပ်ငန်းနှင့် ကမ္ဘာ့လူ တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးက ဆေးရုံကြီး၏ သမိုင်းကြောင်း အကျဉ်းချုပ်၊ ဝန်ထမ်းအင်အား အခြေအနေ၊ နှစ်အလိုက် ဆေးဝါးကုသပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကြက်ငှက်တုပ်ကွေး အပါအဝင် ကူးစက်ရောဂါများ ဖြစ်ပွားမှု၊ ပျံ့နှံ့မှု မဖြစ်စေရေး စီမံဆောင်ရွက်နေမှု၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ပြည်နယ်အတွင်းရှိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ကျိုင်းတုံမြို့ကို မဏ္ဍိုင်ပြုပြီး သံလွင်အရှေ့ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ၏ စီးပွားရေး တိုးတက်မြင့်မားရေးအတွက် စနစ်တကျ စီမံချမှတ် အားပေးမြှင့်တင်ပေးသွားရန် အစဉ်တစိုက် လမ်းညွှန်ချမှတ်ပေးလျက်ရှိကြောင်း။

စီမံဆောင်ရွက်

ဒေသအတွင်း တည်ငြိမ်အေးချမ်းလာသည့် အချိန်ကာလတွင် ယခင်အခါက ဒေသခံပြည်သူများ ဆင်းရဲဒုက္ခအဖုံဖုံကြုံတွေ့ခံစားခဲ့ရမှု၊ ပညာရေး၊ ကျန်းမာရေး အခြေခံများနိမ့်ကျခဲ့ရမှုတို့ကို ကုစားဖြေဖျောက်ပေးနိုင်စေရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

စေတနာရှေ့ထား

ဒေသခံတိုင်းရင်းသားပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားမှသာ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင်ခုတင်(၂၀၀)ဆံ့ ပြည်နယ်ဆေးရုံကြီးအပါအဝင် ဆေးရုံများကို အဆင့်အလိုက် တည်ဆောက်ပေးလျက်ရှိပြီး ရောဂါရှာဖွေရေးနှင့် ကုသရေးဆေးရုံသုံး ပစ္စည်းကိရိယာများကိုလည်း အဆင့်နှင့် လျော်ညီအောင် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် ပြည်သူများအပေါ် စေတနာရှေ့ထားပြီး ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးကြရန်လိုကြောင်း။

အလားတူပင် ရောဂါကြိုတင်ကာကွယ်ရေးအပိုင်း၌ အခြေခံဒေသများဖြစ်သည့် ကျေးလက်အစွန်အဖျားဒေသများသို့ သွားရောက်ပြီး ဒေသခံတိုင်းရင်းသားများအား ကျန်းမာရေးအသိအမြင်ဖြင့် ပြည့်စုံအောင် ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုစုနေထိုင်နိုင်အောင် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ငွေပဒေသာပင်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြည်နယ်အတွင်းရှိ ဆေးရုံများအတွက် ဆေးဝါးပစ္စည်းကိရိယာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ငွေပဒေသာပင်နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေ ငွေပဒေသာပင်များကိုအသီးသီး ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် အမျိုးသားဆေးကုသဆောင်၊ အမျိုးသမီး ဆေးကုသဆောင်နှင့် ခွဲစိတ်ဆောင်တို့တွင် ဆေးဝါးကုသမှုခံယူနေကြသောဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ပြန်လည်ထွက်ခွာသွားပြီး ကျိုင်းတုံမြို့၌ ညအိပ်ရပ်နားကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကျိုင်းတုံတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆွေးနွေးမှာကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ရက်တွင် နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)၊ ကျိုင်းတုံတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ တွဲဖက်ပါမောက္ခများ၊ ကထိက၊ လက်ထောက်ကထိကနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ ပညာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)သို့ ရောက်ရှိကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ကျောင်းအုပ်ကြီး ဒေါက်တာဇော်မင်း၊ ကထိက၊ လက်ထောက်ကထိကနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးကျော်စိုးနှင့် ကျောင်းအုပ်ကြီးတို့က လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)အတွက် ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးကို ပေးအပ်လှူဒါန်းပြီး ဆရာ ဆရာမများအား တွေ့ဆုံကာ ပညာရေးဆိုင်ရာများကို ဆွေးနွေးမေးမြန်းမှာကြားသည်။

ကျိုင်းတုံတက္ကသိုလ်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံတက္ကသိုလ်သို့ ရောက်ရှိကြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပါမောက္ခချုပ် ဒေါက်တာကိုကိုမြင့်၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Training Centre၊ Language Lab ခန်း၊ ပါရဂူဘွဲ့နှင့် မဟာဘွဲ့သုတေသနကျမ်းများ၊ ဘာသာရပ်ဆိုင်ရာ စာတမ်းများနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က လိုက်လံရှင်းလင်းပြသသည်။

ဆွေးနွေးမေးမြန်း

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ကျိုင်းတုံတက္ကသိုလ်အတွက် ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးကို ပေးအပ်လှူဒါန်းပြီး ဆရာဆရာမများအား ပညာရေးဆိုင်ရာများကို ဆွေးနွေးမေးမြန်း မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ကျောင်းအုပ်ကြီး ဒေါက်တာကျော်မေဦး၊ ကထိက၊ လက်ထောက်ကထိကနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ်ရှိ e-Library၊ Operation Room၊ Hardware Department တို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ကွန်ပျူတာတက္ကသိုလ်အတွက် ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံးကို ပေးအပ်လှူဒါန်းပြီး ဆရာ ဆရာမများအား ပညာရေးဆိုင်ရာများကို ဆွေးနွေးမေးမြန်း မှာကြားကာ နံနက် ၉နာရီ ၄၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားသည်။

အဆင့်မြင့်ပညာ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ကျိုင်းတုံမြို့ရှိ တက္ကသိုလ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်တက္ကသိုလ်အသီးသီး၏ ဆရာ ဆရာမများအား တွေ့ဆုံမှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျိုင်းတုံဒေသအတွင်း တက္ကသိုလ်များ ထူထောင်ပေးပြီး ဒေသခံလူငယ်များအတွက် အဆင့်မြင့်ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိအောင် တက္ကသိုလ်အဆင့်နှင့်လျော်ညီသည့် အဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိပြီး လိုအပ်သော သင်ကြားမှု သင်ယူမှု အထောက်အကူပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)အတွက် ရုပ်မြင်သံကြားဖမ်းစက်နှစ်လုံး ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အဓိကအားဖြင့် ဒေသရှိကလေးလူငယ်များ အဆင့်မြင့်ပညာတတ်ကျွမ်းရေး၊ ဝါသနာဗီဇထက်သန်ရာ ပညာရပ်များကို ဒေသတွင်း၌ပင် သင်ယူနိုင်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေးတို့အတွက် စေတနာရှေ့ထား ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အထောက်အကူပြု

ဆရာ ဆရာမများကလည်း မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူလူငယ်များကို အရည်အသွေးပြည့်မီသော ပညာတတ်များ ဖြစ်လာစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက် စွမ်းဆောင်နိုင်စွမ်းရှိအောင် စေတနာထားသင်ကြားပေးခြင်းအားဖြင့် နိုင်ငံတော်၏ရည်မှန်းချက်ကို အထောက်အကူပြုပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဇန်နဝါရီ ၂၇ ရက် ညပိုင်းတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းဆမ်ခမ်းနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား ရွှေသင်္ကန်း ကပ်လှူပူဇော်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၁) သည် မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီး၏ ဒြဗ်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ခေမရဋ္ဌ ဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခေမရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီးအား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် အမွှေးတိုင်များဖြင့် ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သည် ခေမရဋ္ဌဗျာဒိတ်တော်ပေး ရုပ်တော်မူဘုရားကြီး၏ ဒြဗ်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေထံ မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး ဖျားနာကုသဆောင်(၃) သုံးထပ် ဆောင် ဆောက်လုပ်ရေးအတွက် ဆုထူးပန် ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင် ဦးကျော်ဌေးနှင့် ဇနီး ဒေါ်ခင်ထွေးမိသားစုက ငွေကျပ် သိန်း ၃၀၀၀ ကို လှူဒါန်းစဉ်။ (သတင်းစဉ်)

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၃) သုံးထပ်ဆောင်ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး ဖျားနာကုသဆောင်(၃) သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီတွင် ဆေးရုံကြီးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆေးရုံအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဆုထူးပန်ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင် ဦးကျော်ဌေးက အလှူရှင်များကိုယ်စား လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဆုထူးပန်ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင် ဦးကျော်ဌေးနှင့် ဇနီး ဒေါ်ခင်ထွေးမိသားစုက ငွေကျပ် သိန်း ၃၀၀၀ ကို တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေထံလည်းကောင်း၊ မန္တလေးမြို့နေ ဒေါ်ခင်စု၊ သား၊ သမီး၊ မြေး၊ မြစ် မိသားစုတို့က ငွေကျပ်သိန်း ၁၇၅၀ ကို ဝန်ကြီး ဒေါက်တာကျော်မြင့်ထံလည်းကောင်း၊ မန္တလေးမြို့နေ ဒေါ်စန်းစန်းနှင့် မောင်နှမတစ်စုတို့က ငွေကျပ်သိန်း ၁၀၀၀ ကို တိုင်းမှူး၏ဇနီး ဒေါက်တာခင်သီတာထံလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဖျားနာကုသဆောင်(၃) သုံးထပ်ဆောင် ဆောက်လုပ်ရေးအတွက် ယနေ့ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် သိန်း ၅၇၅၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာစဉ်တိုက်လှုပ်ရှားမှု ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ဖုန်ရင်တောင်အား အောင်မြင်စွာတက်ရောက်နိုင်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်ဆောင်ရွက်မှု၊ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ အားပေးကူညီပံ့ပိုးမှုများဖြင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်လှုပ်ရှားမှုအဖြစ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်း ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဖုန်ရင်ရေခဲတောင်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့သည်။

စတင်ထွက်ခွာ

တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ အသင်းဝင်လူငယ်များအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ကျန်းမာကြံ့ခိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝကို ချစ်မြတ်နိုးစေရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အခြေခံကောင်းများ ရှာဖွေဖော်ထုတ်ပေးနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုများ၏ ဘဝကို အနီးကပ်လေ့လာစေခြင်းဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်လိုစိတ်များ ရှင်သန်တိုးပွားလာစေရန်၊ လူငယ်များ၏စွန့်စားလိုစိတ်များကို မှန်ကန်တက်ကြွစွာ လုပ်ဆောင်လာတတ်စေရန်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ခိုင်မာလာစေရန်နှင့် လူငယ်များ ဒေသန္တရဗဟုသုတ အတွေ့အကြုံများ တိုးတက်ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာစဉ်တိုက်လှုပ်ရှားမှုအစီအစဉ်အရ မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာခင်မောင်ဦးဆောင်သည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ၁၄ ဦး၊ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၇ ဦးနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၁၁ ဦး စုစုပေါင်း အမျိုးသမီး ၁၁ ဦးနှင့် အမျိုးသား ၃၁ ဦးပါဝင်သည့် ဖုန်ရင်ရေခဲ တောင်တက်အဖွဲ့သည် ဇန်နဝါရီ ၆ ရက်တွင် ပူတာအိုမြို့မှ ခြေလျင်ခရီး စတင်ထွက်ခွာခဲ့ကြရာ အထက်ဆန်ဂေါင်ရွာသို့ ရောက်ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်ဆောင်ရွက်မှု၊ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ အားပေးကူညီပံ့ပိုးမှုများဖြင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်လှုပ်ရှားမှုအဖြစ် ၂၀၀၈ ခုနှစ် ဇန်နဝါရီလအတွင်း ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဖုန်ရင်ရေခဲတောင်သို့ အောင်မြင်စွာ တက်ရောက်နိုင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလံနှင့် အသင်းကိုယ်စားပြု အလံများကို စိုက်ထူခဲ့ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ရောက်ရှိ

အဆိုပါ တောင်တက်အဖွဲ့သည် ဇန်နဝါရီ ၇ ရက်တွင် ဝါဆန်ဒမ်းရွာသို့လည်းကောင်း၊ ဇန်နဝါရီ ၈ ရက်တွင် ဇီယာဒမ်းရွာသို့လည်းကောင်း၊ ဇန်နဝါရီ ၉ ရက်တွင် အမှတ်(၁) တောစခန်းသို့ လည်းကောင်း၊ ဇန်နဝါရီ ၁၀ ရက်တွင် အမှတ်(၂)တောစခန်းသို့လည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် အမြင့် ၁၁၇၃၈ ပေရှိ အမှတ်(၃) တောစခန်းသို့ လည်းကောင်း ရောက်ရှိကြသည်။

တက်ရောက်နိုင်

အဆိုပါ ခြေလျင်တောင်တက်အဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်တွင် ဖုန်ရင်တောင်ထိပ်သို့ အမှတ်(၃) တောစခန်းမှ စတင်တက်ရောက်ခဲ့ကြရာ အမြင့်ပေ ၁၄၁၀၀၊ အပူချိန် ရေခဲအမှတ်အောက် ၁၃ ဒီဂရီစင်တီဂရိတ်ရှိ ဖုန်ရင်တောင်ထိပ်သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြသည်။

စိုက်ထူ

တောင်တက် အဖွဲ့ဝင်များသည် ဖုန်ရင်တောင်ထိပ်သို့ ရောက်ရှိသည့်အခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလံနှင့် အသင်းကိုယ်စားပြုအလံများကို စိုက်ထူခဲ့ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နေ့ချင်းပြီးထုတ်ပေး

အဆိုပါအဖွဲ့သည် ခရီးစဉ်တစ်လျှောက်ရှိ ကျေးရွာများမှ တိုင်းရင်းသားများအား ဆေးဝါးကုသပေးခြင်း၊ အဝတ်အထည်နှင့် ဆားများ လှူဒါန်းခြင်း၊ ကျောင်းသုံး ပရိဘောဂများ ဝယ်ယူဖြည့်တင်းရန် အလှူငွေများ ပေးအပ်ခဲ့ကြပြီး တောင်တက်အဖွဲ့နှင့်အတူ လိုက်ပါလာသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမျိုးသားမှတ်ပုံတင်များကို နေ့ချင်းပြီးထုတ်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကျောင်း ရှစ်မိုင် မရမ်းကုန်း အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

(ယခင်)ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆ လမ်း အမှတ် ၂၄(ဒီ) ဆရာကြီး ဦးတိုးအောင်၏နေအိမ်၌ ကျင်းပရန် စီစဉ်ထားသည်။

သို့ဖြစ်ရာ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီး ဗဟိန်း(ငြိမ်း) ဖုန်း–၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိမ်း(ငြိမ်း) ဖုန်း–၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း–၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း–၃၇၉၆၄၇၊ ဦးထွန်းမြင့် ဖုန်း–၀၅၆–၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း–၆၈၄၇၆၁ နှင့် ဦးဝင်းကြည် ဖုန်း–၅၇၃၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်–မြန်မာအဘိဓာန် စီဒီရွမ် (Second Edition)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၀

ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနက ၂၀၀၁ ခုနှစ်တွင် ဖြန့်ချိခဲ့သော အင်္ဂလိပ်–မြန်မာအဘိဓာန် စီဒီရွမ်ကို ပိုမိုကောင်းမွန်အောင် ဖြည့်စွက်လျက် ဇန်နဝါရီ ၃၁ ရက် **(ယနေ့)** Second Edition အဖြစ် ဖြန့်ချိလိုက်သည်။ အသစ်ထုတ်ဝေသော စီဒီရွမ်တွင် Book mark၊ Copy၊ Print စသည်များ ပါဝင်ပြီး သုံးစွဲရပိုမိုလွယ်ကူအောင်လည်း စီစဉ်ထားသည်။ ၎င်းအင်္ဂလိပ်–မြန်မာအဘိဓာန် စီဒီရွမ်(Second Edition)ကို မြန်မာစာအဖွဲ့ဦးစီးဌာန ၂၇ ပြည်လမ်း ၆ မိုင်ခွဲ ရန်ကုန်မြို့ CD အရောင်းဆိုင်များနှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ပြည်လုံးဖြန့်ချိရေးမှာ Access Spectrum Co., Ltd. ၃၆၄/၃၆၆ မဟာဗန္ဓုလပန်းခြံလမ်း(အထက်) ကျောက်တံတားမြို့နယ်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁–၁–၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇:၀၀ – ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ – ၁:၀၅ **မနက်ဖြန့်ဆိုတာမသေချာ** တရားတော် (ဓမ္မဒူတ ဒေါက်တာ အရှင်ပညိသရ)
၈:၁၀ – ၂:၁၀ နိဗ္ဗာန်ဆီသို့ ...... အမေးအဖြေများ
၈:၃၅ – ၂:၃၅ တေးဂီတအစီအစဉ်
၈:၄၀ – ၂:၄၀ ပြည်တွင်းအနုပညာရေးရာ
၉:၀၀ – ၃:၀၀ သီးနှံစိုက်ပျိုးအထွက်တိုး "ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင် သုံးစွဲနည်း"
၉:၀၅ – ၃:၀၅ ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ – ၃:၁၅ သွားမယ် စားမယ် (မင်းလမ်း ရခိုင်လက်ညှစ်မုန့်တီနှင့် ပင်လယ်အစားအစာ)
၉:၃၅ – ၃:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀ – ၃:၄၀ မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင် လိုက်နာဆောင်ရွက်သင့်သည့် အချက်များ(ပါမောက္ခ ဒေါက်တာစောနောင်)
၁၀:၀၀ – ၄:၀၀ မိုးလေဝသခန့်မှန်းချက်
၁၀:၀၅ – ၄:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ – ၄:၁၀ သင်ယူလေ့လာဂီတပညာ (ကိုစိုင်း) [အပိုင်း–၂၆]
၁၀:၄၀ – ၄:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ – ၄:၄၅ ငွေဆောင်ကမ်းခြေ မြေထည်ကျောင်းတော်ရွှေ
၁၁:၀၅ – ၅:၀၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ – ၅:၁၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ရေငုံနှုတ်ပိတ်(DVD)
၁၁:၄၅ – ၅:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀ – ၅:၅၀ နယ်ဉ်ဆန်းထွင် သစ်သီးအလှဆင် (ဟင်းသီးဟင်းရွက်များကို စားချင်စဖွယ်ဖြစ်အောင် ပြင်ဆင်ခြင်း)
၁၂:၂၀ – ၆:၂၀ တေးဂီတအစီအစဉ်
၁၂:၂၅ – ၆:၂၅ ၂၀၀၅ခုနှစ် ဒါရိုက်တာနှင့် ဓာတ်ညွှန်းထူးချွန်ဆုရ ဦးကြည်စိုးထွန်းနှင့် တွေ့ဆုံခြင်း
၁၂:၃၅ – ၆:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ – ၆:၄၀ Yangon Panorama (TWO PIECES IN MIND ပန်းချီပြပွဲ)
၁:၀၀ – ၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	အုပ်စုနောက်ဆုံးပွဲစဉ်	ပြသမည့်လိုင်း
၉:၃၀	Senegal-South Africa	Euro Sport(Live)
၉:၃၀	Tunisia-Angola	Euro Sport(Live)

မြကန်သာကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၂၀

ဦးအေးမြင့်မောင်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီခွဲက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၈)သို့ ၁၇၄ ကိုက်အကွာမှ Precept No.00 ဘောလုံးကို Maruman Exim Iron N0-8တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့သည်။ ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးမြင့်သောင်း (Professional Golfer)၊ ဦးရန်နိုင်လွင်တို့နှင့်အတူ ကစားလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၁–၁–၂၀၀၈ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၂၅ ၈။ တမာနှင့်ဖိုးနီရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒ အထူးပြု) [ရူပဗေဒအရေးအသား]
၁၇:၁၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၂၅ ၇။ နားဝင်ပီယံ သူ့လက်သံ
၁၇:၃၅ ၈။ **ငှက်တစ်သောင်း** ကင်းကောင်၊ ငှက်ပျောကြော်၊ ထူးမွန်၊ အကယ်ဒမီစိုးရွှေ၊ ဦးမြင့်စိုး၊ တိမ်ညွန့် (ဒါရိုက်တာ–မောင်သီ)
၁၇:၅၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ တောင်သူအများစိုက်အားထား ငွေချည်(၆)၏အပြီးမျက်နှာများ (မုံရွာနှင့် မြင်းမူ)
၁၈:၅၀ ၁၃။ တေးဂီတအစီအစဉ်
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံဆည်းခြင်း** (အပိုင်း–၄)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူများ** (အပိုင်း–၂၃)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ဇန်နဝါရီ ၃၀ ရက်က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

ကျောက်မောင်နှမ စေတီတော်

ငွေဆောင်ကမ်းခြေ အလှနှင့် သပ္ပာယ်စွာ ဖူးတွေ့ရသောကျောက်မောင်နှမ စေတီတော်။

ပင်လယ်ပြင်အလှ၊ နေဝင်ဆည်းဆာ သဘာဝအလှများကို ကြည့်ရှုခံစားရင်း အပန်းဖြေအနားယူနိုင်မည့် ဧရာဝတီတိုင်း ငွေဆောင်ကမ်းခြေ

ခရီးသွားအက်ဆေးနှင့် ဓာတ်ပုံမှတ်တမ်းပြု – ဖြိုးမောင်မောင်

စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၃၀

ငွေဆောင်ကမ်းခြေသည် ဧရာဝတီတိုင်း ပုသိမ်မြို့တွင် တည်ရှိသည်။ ငွေဆောင်ကမ်းခြေကို ၂၀၀၀ ပြည့်နှစ်က စတင် စီမံကိန်းရေးဆွဲခဲ့ပြီး ငွေဆောင်ကမ်းခြေမှ ဟိုတယ်များ တစ်ပြိုင်နက်တည်း စတင် ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ ယင်း စီမံကိန်းကာလမှာ ရက်ပေါင်း ၉၀ ကျော်သာ ကြာမြင့်ခဲ့သည်။

ရန်ကုန်မှ ငွေဆောင်သို့ ကားဖြင့် လာမည်ဆိုလျှင် အနည်းဆုံး ငါးနာရီကျော်မျှ မောင်းနှင်ရသည်။ ငွေဆောင်ကမ်းခြေတွင် Resort Hotel များ အသီးသီး ဖွင့်လှစ်ထားသည်။ ဟိုတယ်များတွင် Sea View ပင်လယ်ပြင်နှင့်

ကျွန်းပေါ်တက်သည့်လမ်းတွင်လည်း ပျော်ပျော်ပါးပါး။

မျက်နှာချင်းဆိုင်အခန်း၏ တစ်ရက်တည်းခမှာ ငွေကျပ်လေးသောင်းခွဲဝန်းကျင် သတ်မှတ်ထားပြီး Back View ဘေးဘက်ခြမ်း အခန်းမှာ တည်းမည်ဆိုလျှင် တစ်ရက် တည်းခ ငွေကျပ်နှစ်သောင်းခွဲဝန်းကျင် ရှိသည်။

ပြည်ပဧည့်သည် နိုင်ငံခြားသားများ တည်းမည်ဆိုလျှင် တစ်ဦးကို ဒေါ်လာ ၄၀ သတ်မှတ်ထားသည်။

ဟိုတယ်ဝန်ထမ်းများ၏ ဧည့်ခံပျူငှာမှု၊ ခရီးသွားဧည့်သည်များ အဆင်ပြေ ချောမွေ့ ရာယ်ကင်းစေရန်အတွက် ရှင်းပြပေးမှုများမှာလည်း မြန်မာတို့၏ စိတ်ရင်း စေတနာကို ပေါ်လွင်စေသည်။ ငွေဆောင်ကမ်းခြေသို့ ပြည်ပဧည့်သည်များသည် ယခုကဲ့သို့ ပွင့်လင်းရာသီတွင် လာရောက် အပန်းဖြေ အနားယူလေ့ရှိသည်။ ယင်းသို့ လာရောက်ရာ၌ အများဆုံး လာရောက်လည်ပတ်သော နိုင်ငံခြားသား ဧည့်သည်များမှာ ဂျာမန်၊ ထိုင်း၊ ကိုရီးယား လူမျိုးများ ဖြစ်သည်ဟု သိရသည်။

ငွေဆောင်ဒေသခံတို့၏ အဓိက အသက်မွေးလုပ်ငန်းများမှာ တံငါလုပ်ငန်း၊ အုန်းလုပ်ငန်း၊ ခရုကောက်လုပ်ငန်း၊ ထမင်း ဟင်းပို့လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဒေသခံတစ်ဦးအား စာရေးသူက မေးမြန်းကြည့်ခဲ့ရာ **“ဒီပင်လယ်ပြင်ကြီးကို မိမိတို့ အမှီသဟဲပြု၍ လုပ်ကိုင်စားသောက်နေရကြောင်း၊ ထို့ကြောင့် ဒီပင်လယ်ပြင်ကြီးသည် မိမိတို့ရဲ့ ကျေးဇူးရှင်ဟု ဆိုလျှင်လည်း မှားမည်မဟုတ်ပါကြောင်း၊ ယခုကဲ့သို့ ခရီးသွားကာလမျိုး၌ ပင်လယ်ပြင်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွားဧည့်သည်များသည် မိမိတို့နေရာဒေသသို့လာရောက်အပန်းဖြေအနားယူလေ့ ရှိကြောင်း၊ ထိုအခါမျိုးတွင် မိမိတို့ဘက်က ဧည့်သည်တွေရဲ့ လိုအပ်ချက် မှန်သမျှကို အပြည့်အဝ အကူအညီပေးခြင်းအားဖြင့် တစ်ဦးနဲ့ တစ်ဦး ရင်းနှီးမှုများ ပိုမိုရရှိနိုင်ကြောင်း”** ဖြင့် ပွင့်ပွင့်လင်းလင်း ဖြေကြားသွားခဲ့သည်။

ငွေဆောင်ကမ်းခြေတွင် ခရီးသွားဧည့်သည်များ နေပူစာလှုံရာတွင် လည်းကောင်း၊ ကျောခင်းလဲလျောင်း နိုင်ရန် သစ်သားဖြင့် ပြုလုပ်ထားသော ခုတင်များကိုလည်း ထားရှိပေးထားသည်။ ထို့ပြင်မက မြင်းစီးချင်တယ် ဆိုရင်လည်း မြင်း၊ နွားလှည်း စီးချင်တယ်ဆိုရင်လည်း နွားလှည်း၊ ဆိုင်ကယ်စီးချင်တယ်ဆိုရင် ဆိုင်ကယ်၊ ဘောလုံးကစားဖို့ ဘောလုံးကွင်းများကိုလည်း ထိုက်သင့်သည့် ဈေးနှုန်းများပေးပြီး ပျော်ရွှင်စွာ ကစားနိုင်သည်။ ရာသီဥတုအနေဖြင့်လည်း ယခုချိန်ခါသည် ပွင့်လင်းရာသီဖြစ်၍ သဘာဝအလျောက် ပင်လယ်ပြင်၏ လတ်ဆတ်သော လေကောင်းလေသန့်များကိုရှူရှိုက်နိုင်၍ ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မည်။

ရာသီဥတုနဲ့ပတ်သက်၍ **“ယခုချိန်ခါသည် ရာသီဥတုကောင်းမွန်သော အချိန်အခါဖြစ်ကြောင်း၊ ရာသီဥတု ဖောက်ပြန်မည်ဆိုပါကလည်း မိုးလေဝသနှင့် ဇလဗေဒဌာနက ရေဒီယို၊ မြန်မာ့အသံများမှ တစ်ဆင့် နာရီဝက်တစ်ခါ သတင်းများကို ထုတ်ပြန်ပေးကြောင်း၊ မာလာမုန်တိုင်းနဲ့ ပတ်သက်ပြီး မိုးလေဝသနှင့် ဇလဗေဒဌာနရဲ့ သတင်းပေးချက်များ အကူအညီများဖြင့် ဟိုတယ်လုပ်ငန်းရှင်များဘက်က လည်း စနစ်တကျ လိုက်နာခဲ့၍ မိမိတို့ အချိန်မီ ကာကွယ်နိုင်ခဲ့ပါကြောင်း”** ဖြင့် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေဆောင်တွင် ပုစွန်ကန်၊ ဆင်စခန်း၊ လိပ်ကျွန်း၊ ချစ်သူများကျွန်း စသည့် နေရာများကိုလည်း ဗဟုသုတအနေဖြင့် သွားရောက်လေ့လာနိုင်သည်။ ငွေဆောင်ကမ်းခြေမှ ချစ်သူများကျွန်းသို့ သွားရောက်လည်ပတ်မည်ဆိုလျှင် ဆိုင်ကယ်ကယ်ရီဖြင့် သွားပါက တစ်ဦးလျှင် ငွေကျပ်ငါးရာ သတ်မှတ်ထားသည်။ ဆိုင်ကယ် တစ်စီးလုံးငှားမည်ဆိုလျှင် တစ်နာရီကို ငွေကျပ် လေးထောင် သတ်မှတ်ထားသည်။ စာရေးသူတို့သည် ဆိုင်ကယ်များဖြင့် ချစ်သူများကျွန်းဆီသို့ သွားရောက်

ကမ်းခြေအလှနှင့်ပန်းရအောင် ထိုင်ခုံ အလှလေးများကိုလည်း ဤသို့ စီစဉ်ပေးထားသည်။

ငွေဆောင်ကမ်းခြေအလှကို နောက်ခံပြုရင်း အမှတ်တရ အလှဓာတ်ပုံရိုက်ကြရဝယ်....။

လည်ပတ်ဖြစ်ခဲ့သည်။ ကျွန်းသို့ရောက်လျှင် ရောက်ချင်း မလှမ်းမကမ်းမှ တွေ့မြင်နေရသော ရေသူမရုပ်တုကြီးက

ငွေဆောင်ကမ်းခြေတွင် စိတ်လက်ပျော်ရွှင်စွာ ဤသို့ ရေကစားနေကြသည်။

ကျွန်းပေါ်သို့တက်ပြီး နေဝင်ဆည်းဆာအလှကို ကြည့်ရှုရသည်မှာလည်း ပြောင်မြောက်လှသော ပန်းချီကားတစ်ချပ်ကို ကြည့်ရှုနေရသကဲ့သို့ ရင်ထဲတွင်စွဲငြိ။

လည်း ခရီးသွားဧည့်သည်များကို လက်ယပ်ခေါ်နေဘိသကဲ့သို့ ရှိသည်။

ကျွန်းဘေးပတ်ဝန်းကျင်တွင် ငါးဖမ်းစက်လှေငယ်များ ရပ်ထားသည်မှာလည်း သဘာဝအလှတရားတစ်ခုကို ဖော်ပြနေသကဲ့သို့ ကျွန်းပေါ်တွင် အလိုအလျောက် ပေါက်ရောက်နေသောစိမ်းညို့ညို့သစ်ပင်ကြီးများကလည်း လွမ်းမောဖွယ် ဖြစ်သည်။

ထို့အပြင် သဘာဝအလျောက်ကျွန်းရဲ့ အောက်ခြေဘက်တွင် တည်ရှိနေသော ခြသေ့်ကျောက်ရုပ်ကြီးမှာလည်း ခရီးသွားဧည့်သည်များအတွက် ဓာတ်ပုံရိုက်ရန် ကောင်းလှပြီး ရုပ်တုကြီးနှင့်လည်း တွဲဖက်၍ ဓာတ်ပုံရိုက်ရသည်မှာ အလွန်ပျော်စရာကောင်းလှသည်။ ယင်းနောက် ကျွန်းပေါ်သို့တက်ပြီး နေဝင်ဆည်းဆာအလှကို ကြည့်ရှုရသည်မှာလည်း ပြောင်မြောက်လှသော ပန်းချီကားတစ်ချပ်ကို ကြည့်ရှုနေရသကဲ့သို့ ရင်ထဲတွင် စွဲငြိသွားစေသည်။

စာရေးသူတို့သည် ငွေဆောင်မှ သုံးညတိတိ အပန်းဖြေအနားယူပြီးနောက် နံနက်ပိုင်းတွင် ပင်လယ်ပြင်ကြီးအား ရင်သပ်ရှုမောဖွယ် ငေးမောကြည့်ရှုပြီး ခံစားချက် များစွာဖြင့် ကားပေါ် တက်ခဲ့ပြီး ညီညာကောင်းမွန်လှသော ငွေဆောင်– ပုသိမ်လမ်းခရီး အပြန်တွင် ငွေဆောင်မှ မြွေလိမ်မြွေကောက်ကားလမ်း မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုခဲ့ပြီး လှပသောငွေဆောင်နှင့်ပုသိမ်မြို့တို့အား နှုတ်ဆက် ထွက်ခွာခဲ့ကြပါကြောင်း လေးအတိုင်း ရန်ကုန်အပြန်ခရီးတွင် ပုသိမ်မြို့၏ တန်ခိုးကြီးလှသော ရွှေမုဋ္ဌော ခရီးသွားအက်ဆေးအဖြစ်ရေးသားလိုက် ရပါသည်။ ။ **(မြန်မာ့အလင်း)**

ချစ်သူများကျွန်းမှာရှိတဲ့ ရေသူမရုပ်တုကြီးကလည်း ခရီးသွားများအား ဆွဲဆောင်မှုရှိလှသည်။



သရဖူမဂ္ဂဇင်း အင်တာနက်စာမျက်နှာများ စတင်လွှင့်မည်

သတင်းမှတ်စု- မိုးမြင့်လင်းလက် ဓာတ်ပုံ- သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာပွဲ့စည်းမှု- ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၃၀

အိုင်တီနည်းပညာတွေ အံ့မခန်း တိုးတက်လာတဲ့ ဒီနေ့ခေတ်မှာ လုပ်ငန်းကဏ္ဍအတော်များများမှာ အိုင်တီနည်းပညာကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပါတယ်။ အခုလည်း သရဖူမဂ္ဂဇင်း ၁၀နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သရဖူမဂ္ဂဇင်း အင်တာနက်စာမျက်နှာများ စတင်ထုတ်လွှင့်မှုအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမှာရှိတဲ့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်-တကောင်းခန်းမမှာ ဇန်နဝါရီ ၂၉ရက် မွန်းလွဲ၂နာရီက ကျင်းပခဲ့ပါတယ်။

သရဖူမဂ္ဂဇင်းထုတ်ဝေသူ ဦးရဲမြင့်က အင်တာနက် ဝက်ဘ်ဆိုက်ပေါ် တင်ရခြင်းအကြောင်းကို မြန်မာ့အလင်းသို့ ဤသို့ ရှင်းပြသည်။ (မြန်မာ့အလင်း)

သရဖူမဂ္ဂဇင်းကို တစ်ကမ္ဘာလုံးမှာရှိတဲ့ စာဖတ် ပရိသတ်များထံ အရောက်ပေးမည့်အစီအစဉ်ဖြစ်ပြီး မဂ္ဂဇင်းစထွက်တဲ့နေ့မှာပဲ ဘယ်နိုင်ငံကမဆို အင်တာနက်ကတစ်ဆင့် နေ့မကူး၊ အချိန်မကူးဘဲ တစ်ပြိုင်နက်တည်းဖတ်ရှုသွားနိုင်မယ်လို့ သရဖူမဂ္ဂဇင်းအမှုဆောင်အယ်ဒီတာ နန်းဟွမ်ခမ်းက မိတ်ဆက်စကားမှာ ထည့်သွင်းပြောကြားသွားပါတယ်။

စတင်ဖတ်ရှုနိုင်မယ့်သရဖူမဂ္ဂဇင်းတွေကတော့ ပြီးခဲ့တဲ့အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာနဲ့ အခု ဇန်နဝါရီလထုတ် မဂ္ဂဇင်းတွေဖြစ်ပါတယ်။ သရဖူမဂ္ဂဇင်းဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုချင်ရင်တော့ www.tharahpumag.com သို့ ဝင်ရောက် ကြည့်ရှုနိုင်ပါတယ်လို့ သရဖူမဂ္ဂဇင်း ထုတ်ဝေသူ ဦးရဲမြင့်က မြန်မာ့အလင်းသတင်းအဖွဲ့ကို ရှင်းပြပါတယ်။

သရဖူမဂ္ဂဇင်းကို အင်တာနက်ပေါ်မှာ ဖေဖော်ဝါရီ ၁ရက် နေ့ကစပြီး စတင် ဖတ်ရှုနိုင်တော့မှာဖြစ်။

သရဖူမဂ္ဂဇင်းကို အင်တာနက်ပေါ်မှာ လာမယ့်ဖေဖော်ဝါရီ၁ရက်မှစ၍ စတင်ဖတ်ရှုနိုင်တော့မှာဖြစ်ပြီး သရဖူမဂ္ဂဇင်း အင်တာနက် စာမျက်နှာများနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ဗီဒီယိုဆလိုက်ရိုးနှင့် အင်တာနက်စာမျက်နှာတစ်ခုချင်းစီကို တာဝန်ရှိသူတွေက ပြသရှင်းလင်းပါတယ်။ သရဖူမဂ္ဂဇင်း အင်တာနက်စာမျက်နှာတွေ စတင်ထုတ်လွှင့်နိုင်အောင် iHost Computer Service မှ ကိုမြင့်ထူးနောင်တို့က ကူညီဆောင် ရွက်ပေးတယ်လို့ သိရပါတယ်။ ။ **(မြန်မာ့အလင်း)**

သရဖူမဂ္ဂဇင်း အင်တာနက်စာမျက်နှာများ စတင်လွှင့်တင်ခြင်း အခမ်းအနား၌ သရဖူမဂ္ဂဇင်း အမှုဆောင်အယ်ဒီတာ နန်းဟွမ်ခမ်း မိတ်ဆက်စကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူသုံးဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၃၀

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ရက် နံနက် ၇နာရီခွဲက ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ကော့ပြင်းကျေးရွာနေ ဦးမောင်မောင်၏သမီး ဒေါ်မြ အသက်(၄၅)နှစ်သည် တောတွင်းသို့ အင်ဖက်ခူးရန် သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့ပြီး ဒေါ်မြ၏ ညာခြေထောက် ခြေချင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင်လည်း ကျောက်ကြီးမြို့နယ် မြောင်းဦးကျေးရွာနေ ဦးရွှေကြီး၏သား မောင်ကျော့မောင်ခိုင် အသက် (၂၅)နှစ်နှင့် ဦးတိတိ၏သား မောင်ကျော်နိုင် အသက်(၂၁)နှစ်တို့သည် ငါးဖမ်းရန်နှင့် ဝါးခုတ်ရန်တောတွင်းသို့သွားရောက်ကြစဉ် တောတွင်း၌ သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းများနင်းမိပေါက်ကွဲခဲ့ပြီး မောင်ကျော့မောင်ခိုင်နှင့်မောင်ကျော်နိုင်တို့၏ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်၍ ဒဏ်ရာအသီးသီး ရရှိခဲ့ကြသည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ မိုင်းထိဒဏ်ရာရခဲ့ကြသည့် ဒေါ်မြ၊ မောင်ကျော့မောင်ခိုင်နှင့် မောင်ကျော်နိုင်တို့အား တာဝန်ရှိသူများက မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ အူလ်ဆန်တက္ကသိုလ်က စီးပွား/ကူးသန်းကိုအနိုင်ရရှိ

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်းဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ အူလ်ဆန်တက္ကသိုလ် ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တစ်ဦးချင်းဘောလုံးပညာ

၂၀၀၇ခုနှစ်အတွင်းက အူလ်ဆန် တက္ကသိုလ်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ အူလ်ဆန်တက္ကသိုလ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ယနေ့ပွဲစဉ်၌လည်း အူလ်ဆန်တက္ကသိုလ်အသင်းကပင် ထပ်မံ၍ အနိုင်ရရှိသွားခြင်းဖြစ်သည်။ အူလ်ဆန် တက္ကသိုလ်အသင်းသည် တက္ကသိုလ်ဘောလုံးအသင်း တစ်သင်းသာဖြစ်သော်လည်း တစ်ဦးချင်းဘောလုံးပညာ အဆင့်အတန်း မြင့်မားစွာဖြင့် ကစားနိုင်၍ ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။

စီးပွား/ကူးသန်းအသင်းသည် အဆင့်မြင့်တန်းမှ အသင်းကြီး တစ်သင်းပီပီ အချိတ်အဆက်မိမိဖြင့် ကစားကွက်ဖော်နိုင်သော်လည်း ဂိုးသွင်းမသေချာခြင်း၊ တစ်ဦးချင်းဘောလုံးပညာနှင့် ခန္ဓာကိုယ်ထွားကျိုင်းမှုတို့တွင် မယှဉ်သာ၍ အရှုံးနှင့် ရင်ဆိုင်လိုက်ရသည်။ စီးပွား/ကူးသန်းအသင်းတွင် နောက်တန်းလူ မိုးဝင်းမပါဝင်ဘဲ မင်းသူမှာလည်း ဒုတိယပိုင်း၌သာ ဝင်ကစားခဲ့၍ နောက်တန်းအားနည်းခဲ့ရသည်။

နှစ်ဂိုးအသာ

အူလ်ဆန်တက္ကသိုလ် အသင်းအတွက် ပထမဂိုးကို ပွဲချိန်၃၅မိနစ်တွင် ကျောနံပါတ် (၂၃) Han Wook က ပယ်နယ်တီဧရိယာအတွင်းမှ ကန်သွင်းရာ ဂိုးသမား သီဟစည်သူ လှဲအိပ်ဖမ်းသည့်ကြားမှ ဂိုးဝင်သွား၍ ရရှိခဲ့သည်။ ဒုတိယဂိုးကို ပွဲချိန် ၃၇မိနစ်တွင် ကျောနံပါတ် (၁၅) Jang Suk-Hwan က ပယ်နယ်တီဧရိယာအစပ်မှ ကန်သွင်းယူသည်။ ပထမပိုင်းအပြီးတွင် အူလ်ဆန်တက္ကသိုလ်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် စီးပွား/ကူးသန်းအသင်းက ဂိုးသမား သီဟစည်သူ၊ မင်းကိုကို၊ ကျော်ဇင်ဝင်း၊ ချမ်းချမ်း၊ မျိုးလှိုင်ဦးနှင့် စထက်နိုင်ဝင်းတို့ကို အနားပေးပြီး ဂိုးသမား ဇော်မိုးထက်၊ မင်းသူ၊ ဇော်ဇော်အောင်၊ မန်းကျော်ထူး၊ ဟိန်းဇာထွန်းနှင့်ဝင်းသိန်းဦးတို့ကို လူစားလဲကစားခဲ့သည်။ စီးပွား/ကူးသန်းအသင်းသည် ချေပဂိုးရရှိရေး အတွက် အထူးကြိုးစားကစားသော်လည်း လူချင်းယှဉ်လုရာတွင် ဘောလုံးကျွမ်းကျင်မှုနှင့် ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းမှု အပိုင်း၌ ကွာခြားမှုရှိ၍ ထင်တိုင်း မပေါက်ဘဲဖြစ်ခဲ့ရသည်။

သိက္ခာဆယ်ဂိုး

အူလ်ဆန်တက္ကသိုလ်အသင်းသည် ဒုတိယပိုင်းတွင်လည်း သက်သောင့်သက်သာကစားရင်း နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ အူလ်ဆန်တက္ကသိုလ်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၅၅မိနစ်တွင် ကျောနံပါတ် (၁၉) AN Young- Jin က သွင်းယူပေးသည်။ စတုတ္ထဂိုးကို ပွဲချိန်၇၇မိနစ်တွင် ကျောနံပါတ်(၁၉) AN Young- Jin ကပင် ခေါင်းတိုက်သွင်းယူပေးသည်။ စီးပွား/ကူးသန်းအသင်းအတွက် သိက္ခာဆယ်ဂိုး တစ်ဂိုးကို ပွဲပြီးခါနီး ပွဲချိန် မိနစ်၉၀တွင် ရာဇာဝင်းသိန်း၏ ဖန်တီးပေးပို့မှုမှ တစ်ဆင့် ဟိန်းဇာထွန်းက ပိတ်သွင်းယူသည်။

စီးပွား/ကူးသန်းအသင်းမှ တိုက်စစ်မှူးမျိုးလှိုင်ဦးနှင့် အလယ်တန်းလူ ရာဇာဝင်းသိန်းတို့ရရှိသော သေချာပေါက် အခွင့်အရေးများ ဂိုးဝင်ခဲ့လျှင် ယခုလောက် ဂိုးကွာခြားချက်များမည်မဟုတ်ချေ။ အူလ်ဆန်တက္ကသိုလ်အသင်းသည် ၂၀၀၇ ခုနှစ်က လာရောက်ခြေစမ်းစဉ်ကထက် ခြေစွမ်းပိုကောင်းလာသည်။ ယခင်လာရောက် ခြေစမ်းခဲ့ကြသည့် အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်းများသည် ကြံ့ခိုင်မှု(Power)နှင့် လျင်မြန်မှု(Speed) ကောင်းမွန်သော်လည်း ဘောလုံးပညာအရ အားနည်းခဲ့ကြသည်။

ပါဝင်ကစား

စီးပွား/ကူးသန်းအသင်းတွင် **(ဂိုး)** သီဟစည်သူ (ဇော်မိုးထက်)၊ **(နောက်တန်း)** ဇော်လင်းထွန်း (အသင်းခေါင်းဆောင်)၊ ချမ်းချမ်း (မန်းကျော်ထူး)၊ မင်းကိုကို (မင်းသူ)၊ မျိုးဇော်ထွန်း၊ **(အလယ်တန်း)** ရာဇာဝင်းသိန်း၊ ကျော်ဇင်ဝင်း (ဇော်ဇော်အောင်)၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ **(ရှေ့တန်း)** မျိုးလှိုင်ဦး(ဟိန်းဇာထွန်း)၊ စထက်နိုင်ဝင်း(ဝင်းသိန်းဦး)တို့ ပါဝင်ကစားခဲ့ကြသည်။

ကျေးဇူးတင်

ခြေစမ်းပွဲအပြီးတွင် စီးပွား/ကူးသန်းအသင်း နည်းပြချုပ် ဦးဥဏ်ဝင်းအား မေးမြန်းရာတွင် **"ယခုကဲ့သို့ နိုင်ငံခြားမှ ဘောလုံးအသင်းတစ်သင်းနှင့် ခြေစမ်းခွင့်ရရှိအောင်စီစဉ်ပေး၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကို ကျေးဇူးတင်ပါကြောင်း၊ အခြားအသင်းများကိုလည်း ယခုကဲ့သို့အခွင့်အရေးများရရှိစေချင်ကြောင်း၊ ယနေ့ပွဲအပေါ် ပြောရလျှင် အဆုံးသတ်သေချာသည့်အသင်းက အနိုင်ရသွားခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂိုးပြတ်ရှုံးရခြင်းမှာ မိမိတို့ဘက်မှ ရသင့်ရထိုက်သည့်ဂိုးများ မရလိုက်၍ဖြစ်ကြောင်း၊ မိမိတို့ပေးလိုက်ရသည့်လေးဂိုးအနက် နှစ်ဂိုးမှာ မိမိတို့၏အားနည်းချက်ကြောင့် ပေးလိုက်ရခြင်းဖြစ်ကြောင်း၊ အဓိကကွာခြားချက်မှာ တစ်ဦးချင်း ဘောလုံးကျွမ်းကျင်မှုနှင့် ခန္ဓာကိုယ် ဖွံ့စည်းပုံပင်ဖြစ်ကြောင်း၊ အူလ်ဆန်အသင်းက ကစားသမားများ သက်သောင့်သက်သာဖြင့်ကစားသလောက် မိမိတို့အသင်းက ပင်ပင်ပန်းပန်းကစားနေခဲ့ကြကြောင်း၊ ဘောလုံးအဆင့်အတန်း ကွာခြားမှုဟုမပြောနိုင်ကြောင်း၊ တက္ကသိုလ်အသင်းဆိုသော်လည်း မကြာခင်ကြေးစားအဆင့်သို့ ကူးပြောင်းကြမည့် ကစားသမားအချို့ပါဝင်ကြောင်း"** ပြောကြားခဲ့သည်။

ဒုတိယပွဲစဉ်

ဖေဖော်ဝါရီ ၁ရက် (သောကြာနေ့)ညနေ ၃ နာရီခွဲတွင် ဒုတိယပွဲစဉ်အဖြစ် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ အူလ်ဆန်တက္ကသိုလ်အသင်းနှင့် အဆင့်မြင့်တန်းမှ ကမ္ဘောဇအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

စီးပွား/ကူးသန်း ဘောလုံးအသင်းနှင့် ကိုရီးယားအူလ်ဆန်တက္ကသိုလ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

အင်တာမီလန်တို့ သုံးထပ်ကွမ်းချန်ပီယံ ဖြစ်နိုင်ပါ့မလား

ရေးသူ-မောင်မောင်မြင့်ဆွေ

ရောမ ဇန်နဝါရီ ၃၀

စီးရီးအေပွဲစဉ်(၂၀)အထိ ကစားပြီးတဲ့အခါ စီးရီးအေ တန်းစီဇယားကို စိုးမိုးထားတာကတော့ လက်ရှိချန်ပီယံ အင်တာမီလန်ပဲ ဖြစ်ပါတယ်။ အင်တာမီလန်ဟာ ပွဲစဉ်(၂၀)ကစားပြီးချိန်မှာ ဒုတိယနေရာက ရိုးမားနဲ့ပွဲတူ ငါးမှတ်ကွာနေပြီး တန်းစီဇယားကို ဦးဆောင်နေတာမို့ ဒီနှစ်စီးရီးအေချန်ပီယံဖလားကို ဆက်လက် သိမ်းပိုက်မှာလားဆိုတဲ့ အသံတွေ ထွက်ပေါ်လာပါတယ်။

အလားအလာကောင်း

အင်တာမီလန်ရဲ့အနေအထားကိုကြည့်ရင် အင်တာမီလန်ဟာ စီးရီးအေမှာ ပွဲပေါင်း၂၀ကစားပြီးချိန်မှာတော့ ၁၅ပွဲနိုင်၊ ငါးပွဲသရေနဲ့ ရှုံးပွဲမရှိ စံချိန်တင်ထားတဲ့အသင်းအဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ဒီနှစ်စီးရီးအေပြိုင်ပွဲဝင်အသင်း ၂၀မှာ ရှုံးပွဲလုံးဝမရှိသေးတဲ့ တစ်ခုတည်းသော အသင်းလည်းဖြစ်တာမို့ စီးရီးအေဖလားဟာ လက်ရှိအနေအထားနဲ့ တွက်ရင်တော့ အင်တာမီလန်တို့ရရှိဖို့ အလားအလာ အကောင်းဆုံး ဖြစ်နေပါတယ်။

ဒီနှစ်စီးရီးအေရာသီမှာ ပွဲစဉ်ထက်ဝက်ကျော်လာချိန်အထိ ခြေစွမ်းအမှန်ဆုံးအသင်းကလည်း အင်တာမီလန်ပဲဖြစ်တာမို့ တန်းစီဇယားဒုတိယနေရာက ရိုးမားနဲ့ တတိယနေရာက ဂျူဗင်းတပ်စ်တို့ထက် ခြေစွမ်းပိုတည်ငြိမ်တာ တွေ့ရမှာ ဖြစ်ပါတယ်။ အိမ်ကွင်း၊ အဝေးကွင်းရှုံးပွဲမရှိသေးတဲ့ အင်တာမီလန်ရဲ့ တိုက်စစ်မှူးတွေကလည်း ပြိုင်ဘက်စီးရီးအေအသင်း တိုက်စစ်မှူးတွေထက် ဂိုးသွင်းစွမ်းရည်မြင့်မားကြပါတယ်။ အင်တာမီလန်တိုက်စစ်မှူးတွေဖြစ်တဲ့ အီဗရာဟင်မိုဗစ်၊ ခရူဇ်၊ ဒေးဗစ်ဆွာဇိုတို့အပြင် ကမ်ဘီယာဆို၊ ကော်ဒိုဘာနဲ့ ခရက်စပိုတို့ကလည်း ဂိုးသွင်းနိုင်ကြတာမို့ စီးရီးအေပွဲ၂၀မှာ ဂိုးပေါင်း ၃၀ သွင်းထားနိုင်ကြပါတယ်။

အင်တာမီလန်ရဲ့ ဒီနှစ်စီးရီးအေဖလားရရှိရေးနဲ့ သုံးနှစ်ဆက်တိုက်စီးရီးအေဖလား ဆက်လက်သိမ်းပိုက်ရေး မျှော်မှန်းချက်ကို အဓိကဖြည့်ဆည်းပေးမယ့်သူတွေကတော့ တိုက်စစ်မှူး အီဗရာဟင်မိုဗစ်နဲ့ ဂျူလီရိုခရူဇ်တို့ပဲ ဖြစ်ပါတယ်။ အင်တာမီလန်ရဲ့ ရှေ့တန်းမှာ တိုက်စစ်မှူး အီဗရာဟင်မိုဗစ်ဟာ စီးရီးအေပွဲစဉ် ၂၀ ကစားပြီးချိန်အထိ ၁၃ဂိုး သွင်းထားနိုင်ခဲ့သလို တိုက်စစ်မှူး ခရူဇ်ကလည်း ၁၀ဂိုး သွင်းယူပေးထားနိုင်ပါတယ်။ အရန်တိုက်စစ်မှူးတွေလည်း ဂိုးသွင်းနိုင်ကြတာမို့ အင်တာမီလန်ဟာ ရှေ့တန်းထက်မြက်တဲ့ အသင်းပါပဲ။

ဟန့်တားနိုင်

အင်တာမီလန်အလယ်တန်းမှာ စတန်ကိုဗစ်၊ ဖီဂို၊ ကမ်ဘီယာဆို၊ မာနီချီ၊ ဆိုလာရီနဲ့ ဗီအဲရာတို့ကလည်း တိုက်စစ်နဲ့ ခံစစ်အပိုင်းတွေမှာပါ လိုက်ပါကစားနိုင်ကြတဲ့အပြင် အတွေ့အကြုံလည်း ရင့်ကျက်နေကြတဲ့သူတွေ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်အသင်းတိုက်စစ်ကို ကွင်းလယ်ကနေပြီး ကောင်းကောင်းဟန့်တားနိုင်ကြသူတွေလည်း ဖြစ်ပါတယ်။

နောက်တန်းမှာတော့ အင်တာမီလန်ရဲ့ ခိုင်မာတဲ့ တံတိုင်းတွေအဖြစ် မာတာရာဇီ၊ ကော်ဒိုဗာ၊ ချီဗူး၊ လူစီရို၊ ဆမ်မြူရယ်နဲ့ ဖာတစ်တို့ ရှိနေတာမို့ အင်တာမီလန်ဂိုးမပေးရရေးမှာတော့ စိတ်ချရတဲ့ သူတွေ ဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့ အချိတ်အဆက်ရှိမှုတွေကြောင့် အမှားအယွင်းလည်းနည်းအောင် ကစားတတ်ကြတဲ့ လူတွေ ဖြစ်ပါတယ်။ အင်တာမီလန်ဂိုးသမားအယ်ဖွန်ဆို၊ ဆီဆာနဲ့ တော်လ်ဒိုတို့ကလည်း သေသေသပ်သပ်နဲ့ အင်တာမီလန် ဂိုးပေါက်ကို ကာကွယ်နိုင်ကြသူတွေဖြစ်တာမို့ အင်တာမီလန်ဟာ ဒီနှစ်စီးရီးအေမှာ ဂိုးပေးရအနည်းဆုံးအသင်းလည်း ဖြစ်ပါတယ်။

အင်တာမီလန်ရဲ့ ဒီနှစ်စီးရီးအေဖလားရယူရေး မျှော်လင့်ချက်ကို အဟန့်အတားဖြစ်စေမယ့် ပြိုင်ဘက်အသင်းတွေထဲမှာတော့ ရိုးမားနဲ့ ဂျူဗင်တပ်စ်တို့ရဲ့ လက်ရှိခြေစွမ်းက အင်တာမီလန်တို့လောက် တည်ငြိမ်မှုမရှိပါဘူး။

ကွာခြားနေ

အင်တာမီလန်နည်းပြမန်ချီနီကတော့ ဒီနှစ်စီးရီးအေ ဖလားရရှိရေးမှာ အင်တာမီလန်ကို ဘယ်အသင်းမှ ဟန့်တားလို့ မရနိုင်တော့ဘူးလို့ ပြောကြားနေပါတယ်။ ပြိုင်ဘက်အသင်းတစ်သင်းဖြစ်တဲ့ အေစီမီလန်တို့ကတော့ စီးရီးအေမှာ နှစ်ပွဲလျော့အနေအထားနဲ့ အင်တာမီလန်နဲ့ ၁၈မှတ်ကွာနေတာမို့ စီးရီးအေဖလားကြိုးဝိုင်းအတွင်းက ထွက်ရတော့မယ့် အသင်းဖြစ်နေပါတယ်။ အင်တာမီလန်တို့အနေနဲ့ လာမယ့်ပွဲစဉ်တွေမှာ ဂျူဗင်းတပ်စ်နဲ့ ရိုးမားတို့လို အသင်းတွေနဲ့ ပွဲကျပ်တွေကစားရမယ့် အနေအထားရှိပေမယ့် အင်တာမီလန်တို့ လက်ရှိကစားအားနဲ့ ကျော်လွှားနိုင်မယ့် ခြေစွမ်းမျိုးလည်း ပိုင်ဆိုင်ထားတာမို့ အခက်အခဲတော့ မရှိနိုင်ပါဘူး။

ဒါ့ကြောင့်မို့ စီးရီးအေဖလားကို သုံးနှစ်ဆက်တိုက်ရရှိရေး ရည်မှန်းချက်ထား ကြိုးစားနေတဲ့ အင်တာမီလန်တို့ရဲ့ ခရီးလမ်းက ဖြောင့်ဖြူးနိုင်မှု ရှိမရှိဆိုတာ စိတ်ဝင်စားစရာ ကောင်းနေပါကြောင်း....။

အင်တာမီလန်ကို သုံးနှစ်ဆက်တိုက် စီးရီးအေ ချန်ပီယံအဖြစ် စွမ်းဆောင်ပေးမည့် တိုက်စစ်မှူး အီဗရာဟင်မိုဗစ်။ (အင်တာနက်ဓာတ်ပုံ)

အာဖရိကနိုင်ငံများဖလား ဆက်လက်ယှဉ်ပြိုင် ဒရော့ဘာ ဦးဆောင်သော အိုင်ဗရီကို့စ်နိုင်ပွဲဆက်

ဂါနာ ဇန်နဝါရီ ၃၀

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၉ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ခ)မှ အိုင်ဗရီကို့စ်အသင်းနှင့် နိုင်ဂျီးရီးယား အသင်းတို့သည် ပြိုင်ဘက်အသင်းများကို အသီးသီး အနိုင်ရရှိခဲ့ကြသည်။

အိုင်ဗရီကို့စ်-မာလီ

အိုင်ဗရီကို့စ်အသင်းသည် အာဖရိက နိုင်ငံများဖလားကို ဆွတ်ခူးရန် ရေပန်းစားနေသော အသင်းပီပီ ခြေစွမ်းပြကစားနိုင်သည်ကို တွေ့ရသည်။

ပွဲစသည်နှင့် အိုင်ဗရီကို့စ်ကစားသမားများသည် မာလီအသင်းကို ခြိမ်းခြောက်ကစားခဲ့ရာ ပွဲချိန် ၁၀မိနစ်မှာပင် တိုက်စစ်မှူးဒရော့ဘာက တိုရေးဖြတ်တင်ပေးလိုက်သော ဘောလုံးမှ တစ်ဆင့် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

မာလီအသင်းသည် ချေပဂိုးသွင်းနိုင်ရေးအိုင်ဗရီကို့စ် နောက်တန်းကို ထိုးဖောက်ရန် အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

အိုင်ဗရီကို့စ်အသင်းသည် ရရှိထားသော တစ်ဂိုးကို ဆက်ထိန်းထားပြီး အချိတ်အဆက်မိမိဖြင့် ဆက်လက်ထိုးဖောက်ကစားခဲ့ရာ ၅၃ မိနစ်တွင် ဇိုကိုယာက ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူနိုင်ခဲ့သည်။ ယင်းနောက် ဆာနိုဂိုကအိုင်ဗရီကို့စ်အသင်းအတွက်တတိယ မြောက်နှင့် ပွဲသိမ်းဂိုးကို သွင်းယူပေးနိုင်ခဲ့၍ ပွဲအပြီးတွင် အိုင်ဗရီကို့စ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပြိုင်ပွဲအပြီး အိုင်ဗရီကို့စ်အသင်းသည် သုံးပွဲကစားသုံးပွဲနိုင်ကာ ရမှတ်ကိုးမှတ်ဖြင့်အုပ်စု(ခ)ကို ဦးဆောင်နေသည်။ မာလီအသင်းသည် တစ်ပွဲအနိုင်ရရှိထားသော်လည်း ပြိုင်ဘက်နိုင်ဂျီးရီးယားအသင်းက သွင်းဂိုးသာနေ၍ ကွာတားဖိုင်နယ်ပွဲ တက်ရန် အလှမ်းပိုဝေးသွားသည်။

နိုင်ဂျီးရီးယား-ဘီနင်

ထိုနေ့က အုပ်စု(ခ)အသင်း ဖြစ်သော နိုင်ဂျီးရီးယား အသင်းက ဘီနင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ ကွာတားဖိုင်နယ်ပွဲတက်ရန် အလားအလာရှိနေသည်။နိုင်ဂျီးရီးယားအသင်းအတွက်ဂိုးများကို ယာကူဘူနှင့် အိုဘီတို့က သွင်းယူပေးခဲ့သည်။

(အင်တာနက်)

ထိုးဖောက်ကစား

နိုင်ဂျီးရီးယားအသင်းမှ ရာဇတ်အိုဗိုတိုရော့စီ၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပရီမီယာလိဂ်ပွဲစဉ်(၂၄) ယှဉ်ပြိုင် အာဆင်နယ်က နယူးကာဆယ်ကို ဂိုးပြတ်သွင်းယူ

စုစည်းတင်ပြသူ - မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၃၀

ပရီမီယာလိဂ်ပွဲစဉ်(၂၄)ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ၂၉ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်၊ မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်း အသင်းတို့သည် ပြိုင်ဘက်များကို အသီးသီး အနိုင်ရရှိခဲ့သည်။

အာဆင်နယ်-နယူးကာဆယ်

အာဆင်နယ် လူငယ်များသည် ပွဲအစတွင် နယူးကာဆယ်အသင်းဘက်သို့ ထိုးဖောက်ကစားသော်လည်း ဂိုးမရဘဲ လွဲချော်နေသည်။ ပထမပိုင်းပွဲပြီးရန် ငါးမိနစ်အလိုတွင် ဖလာမီနီ ဖြတ်တင်ပေးသောဘောလုံးမှတစ်ဆင့် တိုက်စစ်မှူးအဒီဘာယော ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုးသွင်းသူလိုက်သည်။

သွင်းယူခဲ့

ဖလာမီနီသည် ၇၂ မိနစ်တွင် ၂၅ကိုက်အကွာမှ အာဆင်နယ်အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် ပွဲသိမ်းဂိုးကို ဖာဘရီဂတ်စ်က သွင်းယူခဲ့၍ ပွဲအပြီး အာဆင်နယ်က သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ယင်းပြိုင်ပွဲအပြီး အာဆင်နယ်အသင်းသည် ၂၄ပွဲကစား ၁၇ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံးပြီး ရမှတ် ၅၇မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး ရောက်လာသည်။

မစွမ်းဆောင်နိုင်

နယူးကာဆယ်အသင်း နည်းပြဟောင်း ကီဗင်ကီးဂန်းသည် မကြာမီက နယူးကာဆယ်အသင်းသို့ နည်းပြအဖြစ် ပြန်လာခဲ့သော်လည်း နယူးကာဆယ် အသင်းအတွက် တစ်ဂိုးမျှပင် သွင်းနိုင်ရန် မစွမ်းဆောင်နိုင်သေးဘဲ ရှိသည်။

မစ်ဒယ်ဘရော့နိုင်

ထိုနေ့က မစ်ဒယ်ဘရော့အသင်းသည် ဝီဂန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဘော်လ်တန်နှင့် ဖူလ်ဟမ်တို့က ဂိုးမရှိသရေကျခဲ့သည်။

ရှိုင်ကိန်း၏ ဆန်းဒါးလန်းအသင်းက အိမ်ကွင်း၌ ဘာမင်ဂမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်သော (မြို့ပြ)ဘုရားကြီးလမ်း ကတ္တရာလမ်းသစ်ကို ဇန်နဝါရီ ၄ရက်က အဆိုပါ လမ်းမုခ်ဦး၌ကျင်းပရာ အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းက လမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်သား အထက်တန်းကျောင်း ပညာရေးစုံညီပွဲကျင်းပ

မြစ်သား ဇန်နဝါရီ ၁၂

မြစ်သားမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက ဓာတ်မာန်သီချင်းဖြင့်ဖွင့်လှစ်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သောင်းက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် ဆုရကျောင်းသူ ကျောင်းသားများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက အက အလှများ၊ ဖက်ရှင်ရှိုးများနှင့် ဧည့်ခံဖျော်ဖြေကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ကြည်ကြည်ဝေက ကလေးမိခင်တစ်ဦးအား ဆုချီးမြှင့်စဉ်။

(က–ပ)

ကျောင်းကုန်း၌ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရသူများ ဂုဏ်ပြု

ကျောင်းကုန်း ဇန်နဝါရီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့်၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ချီးမြှင့်သော(သုဓမ္မဇောတဓရဘွဲ့တံဆိပ်တော်)၊၂၀၀၇ခုနှစ်တွင် လူမှုထူးချွန် (တတိယဆင့်) ရရှိသည့် ဦးသိန်းမောင်(ရွှေလမင်းဆေးလိပ်ခုံ)နှင့် (၂/၂၀၀၈)အမိန့်ကြော်ငြာစာဖြင့် လူမှုထူးချွန်(တတိယဆင့်)ရရှိသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးမြရီတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ရက် ညနေ ၄နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အေးချမ်းသာယာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကား ပြောကြားသည်။

ဂုဏ်ပြု

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က နိုင်ငံတော်မှချီးမြှင့်သော (သုဓမ္မဇောတဓရဘွဲ့တံဆိပ်တော်)၊ ၂၀၀၇ခုနှစ်အတွင်းလူမှုထူးချွန်(တတိယဆင့်)ရရှိသည့် ဦးသိန်းမောင်(ရွှေလမင်းဆေးလိပ်ခုံ)နှင့်(၂/၂၀၀၈)အမိန့်ကြော်ငြာစာဖြင့် လူမှုထူးချွန်(တတိယဆင့်) ရရှိသည့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးမြရီတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ **(အောက်ပုံ)** (၂၆၅)

ပညာရေးစုံညီပွဲတော် ရွှေဘို၌ကျင်းပ

ရွှေဘို ဇန်နဝါရီ ၁၀

၂၀၀၇–၂၀၀၈ပညာသင်နှစ် ရွှေဘိုမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက်၉နာရီက ရွှေဘိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချိုနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံနားဆင်စရာ

၁၃၆၉ ခုနှစ်
ပြာသိုလပြည့်ကျော် ၁၀ ရက်
၁–၂–၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ငှက်ပျောစိုက်ပျိုးဝင်ငွေတိုး)
၁၂:၀၀ ကျန်းမာရေးနှင့်ဆေးပညာ (အမြတ်ရအောင်ရင်းနှီးပါ)
၁၂:၃၀ ဓာတ်လမ်းပမာ နားဆင်စရာ (အနန္တ မေတ္တာ)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) ယဉ်တဲ့သဇင်(အောင်ချင်း)
(၂) နှင်းလိုမပြယ်ခင်(မရည်မွန်)
(၃) ဆောင်းတစ်ညတေးသံ (ကိုသန့်စင်)
၁၆:၂၅ ထီပေါက်စဉ်
၁၆:၃၀ ဟောပြောချက် (တိုးတက်နေသောမနောမြေ)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ပင်လုံသက်သေ(ခေါင်းကြီး)
(၂) နွေးထွေးချစ်ကြည် (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဓာတ်လမ်း (သူ့အတွက် ဟင်းတစ်ခွက်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ ဆရာမျိုးဆက်အစွမ်းထက်ဖို့– မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်၊ တူရိယာအဖွဲ့ (နှင်းကာလပေါ် တူရိယာအဖွဲ့)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်ကဗျာလေးတွေရေးပါဦး (ခေတ္တရာတမာချို)
(၂) ချစ်ခွန်းပန်ခြွေသည့်နေ့ဝယ် (ကိုစိန်ဝင်း)
(၃) ကြင်နိုးငယ်မျှော် (လီလီကြာညွန့်)

နိုင်ငံတစ်ဝန်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမက(၁) ဒဂုံမြို့နယ်တို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဇန်နဝါရီ၁၈ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မှတ်ဉာဏ်ကောင်းရန် မခက်ပါ ဆောင်းပါးကို ကျောင်းသူ မအေပရယ်နှောင်းက ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အတွက် မြေနှင့်အဆောက်အအုံလှူဒါန်း

တောင်သာ ဇန်နဝါရီ ၁၆

တောင်သာမြို့နယ် ကိုင်းကျေးရွာနေ ဦးကျော်အေး–ဒေါ်ငွေသွယ်တို့က ခိုင်သဇင် စာကြည့်တိုက်အတွက် မြေနှင့် အဆောက်အအုံလှူဒါန်းပွဲကို ဇန်နဝါရီ ၁၀ရက် ညနေ၃နာရီက ကိုင်းကျေးရွာ၌ ကျင်းပရာ လှူဒါန်းပွဲတွင် အလှူရှင်ကိုယ်စား သားဖြစ်သူ ဦးရွှေနှင့် ဦးကံမြင့်တို့က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဦးအောင်သိန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးမြကျော်နှင့် ကျေးရွာအသင်း အတွင်းရေးမှူး ဦးခင်ဆောင်တို့ထံ လွှဲပြောင်းပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ဖွင့်လှစ်ပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး သုတ၊ ရသမဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်များလှူဒါန်း

သီပေါ ဇန်နဝါရီ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီတို့ ပူးပေါင်းကျင်းပသော နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲနှင့် ပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀နာရီက ပန်ညုဒေသ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျေးလက်ဒေသ ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အစဉ်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် ပန်ညုဒေသ စာကြည့်တိုက်အတွက် မြိုင်စာပေ၊ နွေမိုးဆောင်းစာပေ၊ ဦးငွေစိုးဦး(မြတ်အောင်ရောင်းဝယ်ရေး)၊ ဓာဏီဟိန်း(သီပေါ)၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်**(အပေါ်ပုံ)** တို့က တန်ဖိုးငွေကျပ်တစ်သိန်းရှိ သုတ၊ ရသမဂ္ဂဇင်းနှင့် ဝတ္ထုစာအုပ်ပေါင်း ၂၃၀ကို ကျေးရွာစာကြည့်တိုက်ကော်မတီနှင့် ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိထံ ပေးအပ်လှူဒါန်းသည်။ (၀၂၀)

ကျေးလက်ပြည်သူများ စာပေဖတ်ရှုမှု အလေ့အထဖြစ်ရေး စာဖတ်ဝိုင်းများဆွေးနွေး

သာစည် ဇန်နဝါရီ ၁၀

ကျေးလက်နေပြည်သူများ စာပေဖတ်ရှုမှု အလေ့အထဖြစ်ရေးအတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ ကျေးရွာစာဖတ်ဝိုင်းကို ဒီဇင်ဘာ၂၇ရက် မွန်းလွဲ ၂ နာရီက သာစည်မြို့ ဆည်ကြီး(တ)ကျေးရွာရှိ မိုးသောက်ကြယ်စာကြည့်တိုက်၌ကျင်းပရာ မတင်တင်ငြိမ်းက ဒီဇင်ဘာ ၂၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၏ စာဖတ်ခြင်းက အသိဉာဏ်ပြည့်ဝစေတယ် ဆောင်းပါးကိုလည်းကောင်း၊ မယဉ်နုက ဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသည့် ယဉ်စမ်းပါ့စိတ်ကူး စာအုပ်မှ ကျယ်ပြန့်သောဗဟုသုတ ဆောင်းပါးကိုလည်းကောင်း၊ မချိုချိုသန်းက ဆရာချစ်နိုင်(စိတ်ပညာ)၏ စာရိတ္တဗလဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြသည်။ (မြို့နယ် ပြန်/ဆက်)

မန္တလေးတိုင်း ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အသိပညာဗဟုသုတ ပိုမိုမြင့်တင်နိုင်ရန် ရည်ရွယ်

စာပေရေးရာ အသိပညာပေး ဟောပြော

မန္တလေး ဇန်နဝါရီ ၂၅

မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ အသင်းဝင်များ၊ စည်းရုံးရေးမှူးများ အသိပညာဗဟုသုတ ပိုမိုမြင့်တင်နိုင်ရန် ရည်ရွယ်၍ စာပေရေးရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၇ရက် နံနက် ၈နာရီက တိုင်းအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကြည်အေးလှနှင့် တိုင်းအမှုဆောင်များ၊ မန္တလေးခရိုင် အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ မန္တလေးခုနစ်မြို့နယ်မှ အတွင်းရေးမှူးနှင့် စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ စာပေစိတ်ဝင်စားသူများနှင့် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချစ်နိုင် (စိတ်ပညာ)က စေတနာကောင်းလျှင် ကံကောင်းမည် **(အပေါ်ယာပုံ)**၊ လယ်တွင်းသားစောချစ်က ဘ၀ထဲကစာ စာထဲကဘ၀၊ စိန်မြင့်(ရွှေချည်ထိုး)က နိုင်ငံတကာနှင့် အနုပညာခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးကြသည်။

အဆိုပါ စာပေရေးရာ အသိပညာပေး ဟောပြောပွဲသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းသူ အသင်းသား ၄၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကွေ့ဝမ်းကျေးရွာ ဂါလန်၄၀၀၀ဆံ့ အုတ်ရေစင် တည်ဆောက်ခြင်းကို ဇန်နဝါရီ၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြေပုံမြို့၌ ယာဉ်စက်ယန္တရားများ ကြည့်ရှုစစ်ဆေး

မြေပုံ ဇန်နဝါရီ ၂၀

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဇန်နဝါရီ၃ရက်က မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ယာဉ် စက် ယန္တရားများ လည်ပတ်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကံမမြို့နယ်၌ အိမ်သာသုံးပစ္စည်းများနှင့် ဆေးရည်စိမ်ခြင်ထောင်များ ပေးလှူ

ကံမ ဇန်နဝါရီ ၂၂

သရက်ခရိုင် ကံမမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ပေးလှူသည့် အိမ်သာသုံးပစ္စည်းများ၊ ဆေးရည်စိမ် ခြင်ထောင်များပေးလှူခြင်း၊ လက်တွေ့ပြသခြင်း အခမ်းအနားကို ပြောင်ကျကျေးရွာ၊ သစ်မယ်ဇီကျေးရွာ၊ကညင်တိုင်းကျေးရွာတို့တွင် ဇန်နဝါရီ ၈ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နှင်းယုလှိုင်က ၎င်းကျေးရွာများသို့ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ပေးလှူသည့် အိမ်သာသုံးပစ္စည်းများနှင့် ဆေးရည်စိမ် ခြင်ထောင်များကို ဆက်လက်ပေးလှူကြသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဘိုကလေးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်း ပြုပြင်မှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအေးကို ကြီးကြပ်လျက်ရှိရာ ဒီဇင်ဘာ၁၈ ရက်က အမှုဆောင်အရာရှိ ဦးလွန်းတင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မိုင်းနောင်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်

မိုင်းနောင် ဇန်နဝါရီ ၁၂

မိုင်းနောင်မြို့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး ကျင်းပသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်နံနက် ၉နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနတွင် ကျင်းပသည်။

ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲသို့ နယ်မြေခံတပ်နယ်မှ ရင်သွေးငယ်များ၊ မြို့ပေါ်ရပ်ကွက်များမှ ရင်သွေးငယ်များ စုစုပေါင်း ၅၈ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးသီတာထက်နှင့် အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၈ရက်က အဆိုပါ မုခ်ဦး၌ ကျင်းပရာ မွန်ပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင် နီယာမှူးကြီး ဦးမောင်ဝင်း၊ အမှု ဆောင်အရာရှိ ဦးသန့်ဇင်နှင့် ကျုံစိန်ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးလုံခြုံရေး ဓာတ်တိုက်လေ့ကျင့်

မြို့သစ် ဇန်နဝါရီ ၁၀

မကွေးတိုင်း မြို့သစ်မြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် စီမံချက်များ ရေးဆွဲခြင်းနှင့် မီးသုံးစွဲမှုများစစ်ဆေးခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၂၄ရက်က မြို့သစ်မြို့ မြို့မဈေးကြီးအတွင်းသို့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဓာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးပေါ်ကွယ် ကြည့်ရှုကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဆောင်းသီးနှံပဲမျိုးစုံစိုက်ခင်းတွင် နေကြာသီးညှပ်စိုက်ပျိုး

မအူပင် ဇန်နဝါရီ ၂၅

မအူပင်မြို့နယ် စားသုံးဆီဖူလုံရေးအတွက် ဆောင်းသီးနှံပဲမျိုးစုံစိုက်ခင်းများတွင် အထူး အစီအစဉ်တစ်ရပ်အဖြစ် နေကြာသီးညှပ် စိုက်ပျိုးထားရာ စိုက်ပျိုးထားသော နေကြာသီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် နေကြာသားခွဲခြင်း၊ မြေဩဇာကျွေးခြင်း၊ ရေသွင်းခြင်းများကို ဇန်နဝါရီ ၂၀ရက်က မအူပင်မြို့နယ် အလန်းကျေးရွာအုပ်စု ကွင်းအမှတ်၉၆၁၊ ဦးပိုင်၃၇ တောင်သူ ဦးဝင်းလှိုင်၏ စိုက်ခင်းတွင် ကျင်းပသည်။ (အောက်ပုံ)

စုပေါင်းဆောင်ရွက်

အဆိုပါ နေကြာသားခွဲစိုက်ပျိုးပွဲသို့ မအူပင်ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်း၊ မအူပင်မြို့နယ် ဥက္ကဋ္ဌ ဦးဘိုထွန်းနှင့် ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ အလန်း၊ မီးသွေးချောင်း၊ ဝါးတော ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ တောင်သူလယ်သမားများအင်အား ၂၅၀ ကျော် တက်ရောက်လေ့လာ၍ စုပေါင်းဆောင်ရွက်ကြသည်။

ကျေးရွာတိုင်း

မအူပင်မြို့နယ်တွင် စားသုံးဆီဖူလုံရေးအတွက် ၂၀၀၇-၂၀၀၈ခုနှစ်တွင် နေကြာဧက ၂၃၆၈၀စိုက်ပျိုးရန်လျာထားခဲ့ရာ ၂၆၇၈၄ဧကစိုက်ပျိုးနိုင်ခဲ့သည်။ စိုက်ပျိုးပြီးနေကြာသီးနှံ အောင်မြင်ဖြစ်ထွန်းရေးအတွက် နေကြာသားခွဲစိုက်ပျိုးခြင်း၊ မြေဩဇာကျွေးခြင်း၊ ရေသွင်းခြင်းများကို ဆောင်းသီးနှံ စိုက်ပျိုး သော ကျေးရွာတိုင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေ ဇန်နဝါရီ ၂၇

ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်း ညောင်ရွှေ၌ဖွင့်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာမောင်ကိုနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်း တို့က အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်တန်းနည်းပြအဖြစ် တောင်ကြီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ဆွေဝင်းနှင့် ညောင်ရွှေမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာခင်မောင်ဝင်းတို့က ကြက်မွေးမြူထုတ်လုပ်ရေးနှင့် ဇီဝလုံခြုံရေးဆိုင်ရာ ဘာသာရပ်များကို ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

31-1 (16) 1 1/31/08, 2:58 AM

DIAMOND CITY SHOPPING CENTRE

[illegible] FMI City [illegible]

၂၀၀၈ [illegible] Diamond City Shopping Centre [illegible] Hyper Mart [illegible]

[illegible] FMI City [illegible] Diamond City Shopping Centre [illegible] Shopping Centre [illegible] One Stop Hypermarket, BeautySalon, Coffee Shop, Fashion Shops,Fancy Shops, Electronic Mart, [illegible] ,Cyber Cafe, Mobile Shop, Japanese & Korean Restaurant, European Restaurant, Chinese Restaurant, Modern Furniture Mart, [illegible] Cosmetic [illegible] One Stop Shopping Centre [illegible]

ကိုးဘွဲ့ရမဟာသိမ်တော်ကြီး

[illegible]

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

[illegible]

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင်၊ ဧရာဝတီတိုင်းအတွင်းရှိ ချို့ယွင်းပျက်စီးနေသည့် အိမ်မဲမြို့နယ် တကောဒေသရှိ (၁၁၂x၄၀x၁၂)ပေ သွပ်၊ ထရံ၊ ပျဉ် (မြ-၇) သိုလှောင်ရုံတစ်လုံးနှင့် လပွတ္တာမြို့နယ် လှိုင်းဘုန်းဒေသရှိ (၈၀x၄၀x၉)ပေ သွပ်၊ ထရံ၊ ထရံ (မြ-၂၇) သိုလှောင်ရုံတစ်လုံးတို့အား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

(၁) **တင်ဒါရောင်းချမည့်နေ့** - ၄-၂-၂၀၀၈ရက်မှ ၆-၂-၂၀၀၈ရက်အထိ
အချိန် - ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအထိ

(၂) **တင်ဒါပိတ်မည့်နေ့** - ၇-၂-၂၀၀၈ရက်
အချိန် - ၁၅:၀၀နာရီ

(၃) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး
(၁) တိုင်းမန်နေဂျာရုံး၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့။
(၂) မြို့နယ်မန်နေဂျာရုံး၊ မြောင်းမြမြို့နယ်။

၂။ အဆိုပါ သိုလှောင်ရုံနှစ်လုံး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါတင်သွင်းရမည့်နေရာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၄၂-၂၄၅၂၃ ပုသိမ်မြို့နှင့် ဖုန်း-၀၄၂-၇၀၁၂၃ မြောင်းမြမြို့နယ် မန်နေဂျာရုံးတို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ဧရာဝတီတိုင်း။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၀

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဒေါ်အေးဆင့် ၂။ ဒေါ်ခင်မာလာ ၃။ ဦးငြိမ်းမောင်
တရားနိုင်		**တရားရှုံးများ**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၃၃၅ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ ကွင်းအမှတ် (၁၉/ခ-ပြည်သာယာ) ဦးပိုင် ၁၈ မြေကွက်အမှတ် ၁၈ ဧရိယာ ၀.၁၁၀၈၀ဧကရှိမြေနှင့် ၎င်းမြေပေါ်ရှိ နှစ်ထပ်တိုက်တွဲလျက် အဖီနှင့်တစ်ထပ်တိုက်။ မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ ကွင်းအမှတ် (၁၉/ခ-ပြည်သာယာ) ဦးပိုင်အမှတ် ၂၂ မြေကွက်အမှတ် ၂၂ ဧရိယာ ၀.၁၁၀၈၀ဧကရှိမြေနှင့် ၎င်းမြေပေါ်ရှိ နှစ်ထပ်တိုက်တွဲလျက် ရေတွင်း၊ ရေကန်၊ အုတ်ဝင်းထရံ။

လေလံကြမ်းခင်းဈေး ကျပ် ၁၁၅ သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး(၁)
မိတ္ထီလာခရိုင်တရားရုံး၊ မန္တလေးတိုင်း။

ဖခင်အမည်မှန်

မိုးကောင်းမြို့ အထက(၂) စတုတ္ထတန်း(A)မှ မခိုင်သဥ္ဇာ၏ ဖခင်အမည်မှန်မှာ ဦးလျံထုံးဖြစ်ပါသည်။

အမည်ပြောင်း

အဖ တိုက်ကြူရန် (ခ) ရှယ်လောက်၏သား လားရှိုး တက္ကသိုလ် ရက္ခဗေဒ နောက်ဆုံးနှစ်မှ မွေးသက္ကရာဇ် ၁၇-၄-၁၉၇၉၊ မှတ်ပုံတင်အမှတ် LKI-၀၀၀၂၈၃ ကိုင်ဆောင်သူ ထိုက်ဟုန်ရှိုင်းအား ထိုက်ဟုန်ရှန်းဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်နှင့် အမည်ပြောင်းခြင်း

တနင်္သာရီတိုင်း မြိတ်မြို့ အလက (၁)ဆဋ္ဌမတန်း (A)မှ မောင်စောဖိုးလဝင်းအား မောင်လှဝင်းဟုပြောင်းလဲခေါ်ဆိုရန်နှင့် ဖခင်အမည်မှန်မှာ ဦးကြည်လွင်ဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာစပယ်သန်းလွင်၏ခင်ပွန်း ဗိုလ်မှူးကြီးသက်ဦးဝင်း အသက်(၅၂)နှစ်သည် ၂၀-၁-၂၀၀၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

ဆေးတက္ကသိုလ်(၂)သူငယ်ချင်းများ။

မီးသတိပြု

ဒီဇင်ဘာ၁၈ရက်က ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပျဉ်းမကုန်းကျေးရွာအုပ်စုနှင့် ကွမ်းခြံကုန်းကျေးရွာအုပ်စုတို့တွင် တိုက်ကြီးမြို့နယ် လူဝင်မှုကြီး ကြပ် ရေး နှင့် အ မျိုး သား မှတ် ပုံ တင်ရေး ဦးစီးဌာနဝန်ထမ်းများ၊ ရန်ကုန်မြောက်ပိုင်းခရိုင်မှ ဦးစီးအရာရှိ ဦးကိုကိုကျော်နှင့် ဦးအုန်းလွင်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ကျွန်းလှမြို့ နွယ်သာကီလမ်း ကျောက်ချောလမ်းဖွင့်

ကျွန်းလှ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်း ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နွယ်သာကီလမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်း ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ရာသီမရွေး

အဆိုပါလမ်းမှာ အရှည်ပေ ၁၉၅၀၊ အကျယ် ၁၂ ပေရှိပြီး ငွေကျပ် ၄၁သိန်းကျော်ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ရာ ရပ်ကွက်အတွင်း ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မိုးညှင်းစည်ပင်သာယာ ကတ္တရာလမ်းများဖွင့်

မိုးညှင်း ဇန်နဝါရီ ၁၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပတ်လမ်း လေးလမ်းဖြစ်သည့် သမိန်ဗရမ်းလမ်း၊ မင်းရဲကျော်စွာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ဘုရင့်နောင်လမ်း ကတ္တရာထပ်ပိုးလွှာလမ်း ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက်က ကျင်းပသည်။

အခမ်းအနားသို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ချို၊ ဗိုလ်မှူးကြီးအေးမင်းသိန်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်းတို့ တက်ရောက်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ၁ရက်က မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ဈေးဆိုင်များ မီးသုံးစွဲမှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လိုက်လံစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇီးကုန်းမြို့၌ ပျိုးပင်များ ပျိုးထောင်

ဇီးကုန်း ဇန်နဝါရီ ၆

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်သည် ဒီဇင်ဘာ၂၀ရက်က ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံနှင့် ပျိုးဥယျာဉ်တို့ရှိ ပျိုးပင်များ ပျိုးထောင်ထားမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲလတ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက် ဒေသခံတိုင်းရင်းသားများ ကျန်းမာရေးအသိအမြင်ပြည့်စုံအောင် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာ လာရာ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံလေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ကျန်းမာရေးသတင်းမှတ်စု မြင့်မောင်စိုး ရေးသည်

ဝက်ခြံကာကွယ်နိုင်သော နည်းလမ်းကောင်း

မျက်နှာအဆီထွက်များသူများသည် အသားအရေ ခြောက်သွေ့သောသူများထက် ဝက်ခြံပို၍ ဖြစ်တတ်သည်။ မျက်နှာအဆီပြန်တတ်သူများအနေဖြင့် အသားအရေချောမောလှပစေရန် စနစ်တကျကုသပြီး မွေးညင်းပေါက်များကို သန့်ရှင်းစင်ကြယ်စွာ ထားရမည်ဖြစ်သည်။ အဆီနှင့်အညစ်အကြေးများသည် ချွေးထွက်သည့် မွေးညင်းပေါက်များကို ပိတ်ဆို့စေသည့် အဓိကအကြောင်းရင်းများပင်ဖြစ်သည်။

အဖုအပိမ့်

မွေးညင်းပေါက်များအတွင်း အဆီနှင့် အညစ်အကြေးများ ပိတ်ဆို့နေခြင်းကြောင့်

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဆေးဝါးကုသခံယူနေကြသော ဒေသခံပြည်သူများအား ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကျိုင်းတုံမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးဝါးကုသခံယူနေကြသော ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ ဧည့်ဂေဟာ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၀

ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်ရန်အတွက် ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ထားသူ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ ယနေ့မွန်းလွဲ ၁ နာရီမှ ၁ နာရီ ၃၁ မိနစ်အထိ လည်းကောင်း၊ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ မှ ညနေ ၃ နာရီ ၃၅ မိနစ်အထိ လည်းကောင်း နှစ်ကြိမ်တွေ့ဆုံခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဝေ၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးလွန်းတင်၊ ဦးစိုးမြင့်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းတို့သည် ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ဂေဟာ၌ မွန်းလွဲ ၁နာရီ၃၅ မိနစ်မှ ၂နာရီ ၄၅ မိနစ်အထိ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)